ကြေးမုံ
The Mirror
၁၃၇၀ ပြည့်နှစ်၊ တော်သလင်းလပြည့်ကျော် ၉ ရက်၊ အင်္ဂါနေ့၊ (23-9-2008) (၅၈၁၀)

# နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ
## ဆော်ဒီအာရေဗျနိုင်ငံ ဘုရင်မင်းမြတ်ထံ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

**နေပြည်တော် စက်တင်ဘာ ၂၃**

၂၀၀၈ ခုနှစ်၊ စက်တင်ဘာ ၂၃ ရက်တွင်ကျရောက်သော ဆော်ဒီအာရေဗျနိုင်ငံ၏ အမျိုးသားနေ့၌ ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ဆော်ဒီအာရေဗျနိုင်ငံ ဘုရင်မင်းမြတ် အဗ္ဗဒူလာ ဘင် အဗ္ဗဒူ(လ်)ဇစ် အယ်လ်ဆာအု(ဒ်) ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

# နိုင်ငံဖွံ့ဖြိုးတိုးတက်မှု သမိုင်းကြောင်းတွင် စိုက်ပျိုးရေးအခြေခံမှသည် စက်မှုအခြေခံကုန်ထုတ်လုပ်ငန်းများနှင့် ပညာအခြေပြုထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုလုပ်ငန်းများအဆင့်ကို တစ်ပြိုင်တည်းဖြတ်သန်းကူးပြောင်းရန် အရှိန်ယူနေ အမျိုးသားပညာရည်မြင့်မားမှုအပါအဝင် အကျိုးရလဒ်ကောင်းများ အရည်တည်တံ့အောင် ကြိုးပမ်းဆောင်ရွက်

ရန်ကုန် စက်တင်ဘာ ၂၂

**အခြေခံပညာ ဆရာ၊ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၆၆) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်တိုင်း လှည်းကူးမြို့နယ်ရှိ ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး) နဝရတ်ခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး ကိုယ်စား ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်း တက်ရောက်၍ သင်တန်းဖွင့်အမှာစကား ပြောကြားသည်။**






**မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်အေး ချမ်း သာ ယာ ရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁)ကိုယ်စား ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်း ဗဟိုဝန်ထမ်း တက္ကသိုလ် (ဖောင်ကြီး) အခြေခံပညာ ဆရာ၊ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ် (၆၆) ဖွင့်ပွဲတွင် အမှာစကား ပြောကြားစဉ်။** (သတင်းစဉ်)

သင်တန်းဖွင့်ပွဲ အခမ်းအနားသို့ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောလွင်၊ သာသနာရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်း၊ ဒုတိယဝန်ကြီးများ၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့-အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး) ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များ၊ ဌာနကြီးမှူးများ၊ ဌာနမှူးများ၊ နည်းပြများနှင့် သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး ကိုယ်စား ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်းက သင်တန်းဖွင့်အမှာစကားပြောကြားရာ၌ ယနေ့နိုင်ငံတကာကိုကြည့်လျှင် နိုင်ငံတိုင်း နိုင်ငံတိုင်းသည် မိမိနိုင်ငံနှင့် လူမျိုး၏ အမျိုးသားရေး အကျိုးစီးပွား ကာကွယ်စောင့်ရှောက်မြှင့်တင်နိုင်ရေးအတွက် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး မျက်နှာစာ အသီးသီး၌ ရင်ဆိုင်ဖက်ပြိုင်နိုင်စေရန် အပြိုင်အဆိုင် ကြိုးပမ်းဆောင်ရွက်နေကြသည်ကို တွေ့ကြရမည် ဖြစ်ကြောင်း။

**စာမျက်နှာ ၃ ကော်လံ ၁ သို့**

### နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

### စီးပွားရေးဦးတည်ချက် (၄)ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

### လူမှုရေး ဦးတည်ချက် (၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

## ယနေ့ ကြေးမုံ ဆောင်းပါးနှင့်သတင်းများအညွှန်း

*KNU* ***အင်အားနည်းသည်ဖြစ်စေ၊ များသည်ဖြစ်စေ တပ်မတော်အစိုးရဘက်ကတော့ ငြိမ်းချမ်းရေးတံခါးကို ဖွင့်မြဲဖွင့်ထားလျက်ပါ။***
**လူသစ်၏ "အကြမ်းဖက် အဖျက်သမားအန္တရာယ် ပြည်သူအားလုံးနဲ့ ဝိုင်းဝန်းပူးပေါင်းကာကွယ်(၂)" ဆောင်းပါး**
စာမျက်နှာ-၆



***ကျေးလက် စာကြည့်တိုက်များ ဖွံ့ဖြိုးရာ မိတ္ထီလာ***
(ဆောင်းပါးတို) စာမျက်နှာ-၇



***အင်တာနက် သဘာဝ တွင်းထွက် ရတနာ သတင်း***
စာမျက်နှာ-၉




***ပရီမီယာလိဂ် အသင်းကြီးများ ပါဝင်သည့် ကားလင်းဖလားပွဲစဉ်***
(နိုင်ငံတကာအားကစား) စာမျက်နှာ-၁၂

The Mirror
၂၃-၉-၂၀၀၈
(အင်္ဂါနေ့)

## တိုက်နယ်ဆေးရုံသစ်များ တိုးချဲ့ဖွင့်လှစ် ကျေးလက်ပြည်သူများ ကျန်းမာရေးစောင့်ရှောက်မှုတိုးမြှင့်

ကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်လာစေရန် လမ်းပန်းဆက်သွယ်ရေးအပါအဝင် ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေးဆိုင်ရာ အခြေခံလိုအပ်ချက်များကို နိုင်ငံတော်အစိုးရက စီမံဖြည့်ဆည်းနေသည်။

လမ်းပန်းဆက်သွယ်မှု ချောမွေ့ကောင်းမွန်ရေးအတွက် မြစ်ကူးချောင်းကူးတံတားများနှင့် ကျေးရွာချင်းဆက်လမ်းများ၊ ကျေးလက်နှင့်မြို့ပြဆက်သွယ်သည့်လမ်းများကို တည်ဆောက် ဖောက်လုပ်ပေးလျက်ရှိရာ ကျေးလက်ပြည်သူများ ကူးသန်းဆက်သွယ်သွားလာမှု ပိုမိုလွယ်ကူလာလျက်ရှိသည်။ ထို့အပြင် ဒေသအလိုက် အခြေခံပညာ ကျောင်းဆောင်သစ်များ၊ ကျေးရွာတွဲဖက် အခြေခံပညာအထက်တန်းကျောင်း၊ ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များကိုလည်း ထူထောင်ထားရှိနိုင်ပြီ ဖြစ်သည်။

ထိုနည်းတူ ကျေးလက်ဒေသနေ ပြည်သူများ၏ ကျန်းမာရေးအတွက် တိုက်နယ်ဆေးရုံ၊ ကျေးလက်ဆေးပေးခန်းတို့ကိုလည်း တိုးချဲ့ဖွင့်လှစ်ပေးလျက်ရှိသည်။ ခရမ်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းနှင့် ဒေသခံပြည်သူများ၏ စုပေါင်း လှူဒါန်းမှုဖြင့် ဆောက်လုပ်ခဲ့သည့် ခရမ်းမြို့နယ် ကျိုနီချောင်ကျေးရွာ ၁၆ ခုတင်ဆံ့ တိုက်နယ်ဆေးရုံသစ်ကို စက်တင်ဘာ ၂၀ ရက်က ဖွင့်လှစ်ခဲ့သည်။ အဆိုပါ တိုက်နယ်ဆေးရုံသစ် ဖွင့်လှစ်နိုင်ခဲ့သဖြင့် ခရမ်းမြို့နယ် အရှေ့ဘက်ခြမ်းရှိ ကျေးရွာ ၃၃ ရွာမှ ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှု ပေးနေပြီဖြစ်သည်။

အလားတူ ရေအားလျှပ်စစ်စီမံကိန်းများတွင် ပါဝင်ဆောင်ရွက်လျက်ရှိသော ကုမ္ပဏီများ ပူးပေါင်းဆောက်လုပ် လှူဒါန်းသည့် ပေါင်းလောင်းနယ်မြေ ၁၆ ခုတင်ဆံ့ တိုက်နယ်ဆေးရုံသစ်ကိုလည်း စက်တင်ဘာလ ၁၈ ရက်က ဖွင့်လှစ်ခဲ့သည်။ ပေါင်းလောင်းနယ်မြေ တိုက်နယ်ဆေးရုံသစ် ဖွင့်လှစ်လိုက်သည့်အတွက် ပေါင်းလောင်းရေအားလျှပ်စစ်စီမံကိန်းမှ ဝန်ထမ်းများနှင့် ပတ်ဝန်းကျင်ကျေးရွာ ၂၄ ရွာမှ ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်လျက်ရှိသည်။

ယခုအခါ ကျေးလက်ဒေသများတွင် သန့်ရှင်းသောသောက်သုံးရေရရှိရေး၊ ကျေးရွာများ လျှပ်စစ်မီးလင်းရေး အပါအဝင် လူမှုစီးပွားဘဝ လိုအပ်ချက်များ ပြည့်စုံမှုကိုဖော်ညွှန်းနေသည့် စံပြကျေးရွာအများအပြားကိုလည်း ထူထောင်ထားရှိနိုင်ပြီဖြစ်သည်။

နိုင်ငံတော်အစိုးရနှင့်အတူ တိုင်းရင်းသားလုပ်ငန်းရှင်များ၊ စေတနာရှင် အလှူရှင် ဒေသခံပြည်သူများကပါ ကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ငွေကြေး၊ ပစ္စည်း၊ စေတနာစွမ်းအားတို့ဖြင့် ပါဝင်လှူဒါန်း ဝိုင်းဝန်းကြိုးပမ်းလျက်ရှိရာ ကျေးလက်ဒေသနေ ပြည်သူများ၏ လူနေမှုအဆင့်အတန်းလည်း တိုးတက်မြင့်မားလာလျက်ရှိနေပြီ ဖြစ်ပါသည်။ ။



**အင်းစိန်မြို့နယ် ကြို့ကုန်းအနောက်ရပ်ကွက် အရှည်ပေ ၆၆၀ ရှိ မမဦးလမ်း ကိုယ့်အားကိုယ်ကိုးကတ္တရာလမ်းသစ် ဖွင့်ပွဲအခမ်းအနားကို စက်တင်ဘာ ၇ ရက်တွင်ကျင်းပရာ ရန်ကုန်မြောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးသိန်းနိုင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ဆွေတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးစဉ်။** (၆၁)

**ပြည်သူ့သဘောထား**

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။





**ပြန်ကြားရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် ဝေဇယန္တာလမ်းရှိ ရေကူးအသံလွှင့်စက်ရုံတွင် ကြည့်ရှုစစ်ဆေးစဉ်။**
(သတင်းစဉ်)

## ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ရေကူးအသံလွှင့်စက်ရုံကို ကြည့်ရှုစစ်ဆေး

ရန်ကုန် စက်တင်ဘာ ၂၂

**ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် ယမန်နေ့ နံနက် ၁၀ နာရီခွဲတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် ဝေဇယန္တာလမ်းရှိ ရေကူးအသံလွှင့်စက်ရုံ အစည်းအဝေးခန်းမသို့ ရောက်ရှိပြီး တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားသည်။**

အစည်းအဝေးသို့ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးဝင်း၊ မြန်မာ့ရုပ်ရှင်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအောင်မျိုးမြင့်၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသိန်းအောင်၊ စက်ရုံမှ တာဝန်ရှိသူများနှင့် လုံခြုံရေးတာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသိန်းအောင်၊ ရေကူးအသံလွှင့်စက်ရုံမှူး ဦးထွန်းအောင်နှင့် လုံခြုံရေးတာဝန်ရှိသူများက နေ့စဉ်ထုတ်လွှင့်နေမှုနှင့် လုံခြုံရေးဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက တင်ပြချက်များနှင့် စပ်လျဉ်း၍ စက်ပစ္စည်းများစနစ်တကျ ထိန်းသိမ်းစောင့်ရှောက်ရေး၊ စက်စွမ်းအားပြည့်ထုတ်လွှင့်နိုင်ရေး၊ မီးဘေးလုံခြုံရေးနှင့် အဖျက်အမှောင့်သမားများ၏နှောင့်ယှက်ဖျက်ဆီးမှုမှ ကြိုတင်ကာကွယ်တားဆီးနိုင်ရေးတို့နှင့် စပ်လျဉ်း၍ အကျယ်တဝင့်မှာကြားသည်။

ယင်းနောက် ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းနှင့် တာဝန်ရှိသူများသည် ရေကူးအသံလွှင့်စက်ရုံအတွင်း ကြည့်ရှုစစ်ဆေးကြသည်။

(သတင်းစဉ်)

## မော်လမြိုင်မြို့၌ ပို့ဆောင်ရေးကိစ္စရပ်များ ရှင်းလင်းပြောကြား

**ရန်ကုန် စက်တင်ဘာ ၂၂**

မွန်ပြည်နယ် မော်လမြိုင်ခရိုင်အတွင်းရှိ မြို့နယ်မော်တော်ယာဉ်အသင်းကြီးကြပ်မှု ကော်မတီများ၊ မော်တော်ယာဉ်အသင်းများ၊ ရေယာဉ်အသင်းများ၊ ပွဲထောင်အသင်းများမှ ဥက္ကဋ္ဌများ၊ တာဝန်ခံများအား စက်တင်ဘာ ၁၇ ရက်တွင် မော်လမြိုင်မြို့ရှိ မွန်ပြည်နယ်ပို့ဆောင်ရေး စီမံကိန်းရုံး၌ ပြည်နယ်ပို့ဆောင်ရေး စီမံကိန်းဦးစီးဌာနမှူး ဒေါ်မူယာရှိန်က တွေ့ဆုံ၍ ဥပဒေ၊ နည်းဥပဒေ၊ စည်းကမ်းဥပဒေများနှင့်အညီ ဆောင်ရွက်နေသည့် ကုန်းလမ်းနှင့် ပြည်တွင်းရေကြောင်းသယ်ယူပို့ဆောင်ရေးတို့၏ လုပ်ငန်းများ၊ ပို့ဆောင်ရေး ညှိနှိုင်းမှုကော်မတီ၏လုပ်ငန်းများနှင့် ပုဂ္ဂလိကပိုင်ယာဉ်များကို စနစ်တကျဖြစ်စေရန် ကြီးကြပ်ကွပ်ကဲမှုများ၊ လုပ်ငန်းလိုင်စင်အကြောင်း၊ စည်းကမ်းလိုက်နာမှုမရှိသည့်ယာဉ်များကို ဥပဒေအရ အရေးယူဆောင်ရွက်ခြင်း၊ ယာဉ်မတော်တဆမှုများမှ ကြိုတင်ကာကွယ်ရမည့် အစီအမံများနှင့် ခရီးသည်ပို့ဆောင်ခနှုန်းထားများအား သတ်မှတ်နှုန်းထားအတိုင်း ကောက်ခံရေးကိစ္စရပ်များကို ရှင်းလင်းမှာကြားပြီး အဝေးပြေးယာဉ်ရပ်နားဝင်း(ဈေးကြို)သို့ သွားရောက်၍ မော်တော်ယာဉ်များကို လိုင်စင်နှင့် စည်းကမ်းလိုက်နာမှု ရှိမရှိ စိစစ်ခြင်းတို့ကို လက်တွေ့သရုပ်ပြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၂၃-၉-၂၀၀၈ (အင်္ဂါနေ့)

**နံနက်ပိုင်း**

၇:၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၅ ၄။ အတီးပြိုင်ပွဲ
၈:၀၀ ၅။ တေးဂီတအစီအစဉ်
၈:၁၅ ၆။ ၂၀၀၈ခုနှစ်(၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊အရေး၊အတီးပြိုင်ပွဲ ပြိုင်ပွဲ ဝင်များလေ့လာနိုင်ကြရန် (ခေတ်အကြိုက်တေးသီချင်းများ) ဝါသနာရှင် ဒုတိယတန်းအဆင့် (အမျိုးသမီး)
၈:၃၀ ၇။ International News.
၈:၄၅ ၈။ **"အလံလေးတော့ကိုင်ပြပါ" (ဇွဲနိုင်ဝင်း၊ရောပေါ်လေး၊ ချစ်စရာ၊ရတနာခင်) (ဒါရိုက်တာ-မင်းအုပ်စိုး)**
၉:၀၀ ၉။ အစီအစဉ်ပြီး၏။

**ညပိုင်း**

၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
၄:၁၀ ၂။ အကပြိုင်ပွဲ
၄:၂၀ ၃။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာ တေးသံသာ)
၄:၃၀ ၄။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး တေးများ
၄:၃၅ ၅။ တေးဂီတအစီအစဉ်
၄:၄၅ ၆။ **"အားနာတယ်" (ခန့်စည်သူ၊ မိုးပြည့်ပြည့်မောင်) (ဒါရိုက်တာ-ဖုန်းမြင့်အောင်)**
၅:၀၅ ၇။ ဆိုကြမယ်၊ ပျော်ကြမယ်
၅:၄၅ ၈။ ၂၀၀၈ခုနှစ်(၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊အရေး၊အတီးပြိုင်ပွဲ ပြိုင်ပွဲဝင်များ လေ့လာနိုင်ကြရန် (ခေတ်အကြိုက်တေးသီချင်းများ) ဝါသနာရှင် ဒုတိယတန်းအဆင့် (အမျိုးသမီး)
၆:၀၀ ၉။ ညနေခင်းသတင်း
၆:၃၀ ၁၀။ မိုးလေဝသအခြေအနေ
၆:၃၅ ၁၁။ ကြယ်ပွင့်များရဲ့ရင်ခုန်သံ
၆:၅၀ ၁၂။ သုတစုံလင်ရွှေဉာဏ်ရှင်
၇:၀၅ ၁၃။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ပန်းပျိုးလက်" (အပိုင်း-၁၂)**
၈:၀၀ ၁၄။ ပြည်တွင်းသတင်း
၁၅။ နိုင်ငံတကာသတင်းများ
၁၆။ မိုးလေဝသအခြေအနေ
၁၇။ **နိုင်ငံခြားဇာတ်လမ်းတွဲ "မျက်ဝန်းရိပ်"(အပိုင်း-၁၂)**
၁၈။ အစီအစဉ်ပြီး၏။

## အများပြည်သူသိရှိရန် အသိပေးနှိုးဆော်ချက်

၁။ ဈေးကွက်များတွင် Biochemie Gmbh Austria မှထုတ် လုပ်သော Retarpen Injection (Benzathine Benzylpenicillin 1, 200,000 IU ထိုးဆေးကို အတုပြုလုပ်၍ ရောင်းချနေကြောင်း စစ်ဆေးတွေ့ရှိရပါသည်။
၂။ ဈေးကွက်မှရရှိသည့် Retarpen ထိုးဆေးအတု၏ ပုလင်းပုံစံ၊ အမှတ်တံဆိပ်နှင့် မြန်မာနိုင်ငံ ဆေးဝါးမှတ်ပုံတင်အမှတ်မှာ အစစ်နှင့် တူညီသော်လည်း ပုလင်းဖုံးရှိ သတ္တုအပိတ် Aluminium Lid မှာ ဟနေပါကြောင်း (Aluminium Lid-not intact) တွေ့ရှိရပါသည်။
၃။ ဆေးဝါးအတု Retarpen Injection ကို ဓာတ်ခွဲစမ်းသပ်ရာတွင်- ဆေးဝါးအာနိသင် **"လုံး၀"** (လုံး၀) မပါရှိပါကြောင်း စစ်ဆေးတွေ့ရှိရပါသည်။
၄။ ဆေးဝါးအတု၊ စံမညီ ဆေးဝါးများကို မှီဝဲသောရောဂါဝေဒနာရှင်များသည် စရိတ်များစွာ ကုန်ကျသည့်အပြင် မိမိတို့ခံစားနေရသော ရောဂါများပျောက်ကင်းခြင်း(လုံး၀)မရှိဘဲ ပိုမိုဆိုးရွားသော အခြေအနေကို ဆိုက်ရောက်နိုင်ပါသည်။
၅။ ဆေးဝါးရောင်းချသည့် ဆေးဆိုင်များသည် မြန်မာနိုင်ငံတွင် မှတ်ပုံတင်ထားခြင်းမရှိသော ဆေးဝါးများ၊ ဆေးဝါးအတု၊ စံမညီ ဆေးဝါးများရောင်းချခြင်း လုံး၀မပြုပါရန်နှင့် စစ်ဆေးဖော်ထုတ် တွေ့ရှိရပါက အမျိုးသားဆေးဝါးဥပဒေအရ အရေးယူခံရမည်ဖြစ်ကြောင်း သတိပေးအပ်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

○ **ရွှေဖုံးမှ**

သိပ္ပံနှင့်နည်းပညာအရာတွင် ထိပ်တန်းရောက်နေသည့် နိုင်ငံကြီးများပင်လျှင် ပိုမိုအစွမ်းထက်သည့် စွမ်းဆောင်မှုမျိုး ဖန်တီးပေးနိုင်မည့် သိပ္ပံနှင့်နည်းပညာဖွံ့ဖြိုးတိုးတက်မှုများကို အရှိန်အဟုန်ဖြင့် ရှာကြံကြိုးပမ်းပြီး နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ဖက်ပြိုင်မှုများ၌ ဆက်လက် အသာစီး ရရှိနိုင်စေရန် ကြိုးစားလုပ်ဆောင်နေကြဆဲဖြစ်ကြောင်း။

ဤသို့သော အခြေအနေအချိန်အခါမျိုးတွင် မိမိနိုင်ငံသူနိုင်ငံသားများ၏ ပညာရည်မြင့်မားမှု၊ အသိဉာဏ်ဖွံ့ဖြိုးရှင်သန်မှုတို့ကို အခြေခံသည့် အမျိုးသားစည်းလုံးညီညွတ်မှုစွမ်းအား၊ သိပ္ပံနှင့် နည်းပညာ ဖွံ့ဖြိုးတိုးတက်မှု စွမ်းအားနှင့် အမျိုးသားခုခံအင်အား တိုးပွားခိုင်မာမှုစွမ်းအားကောင်းများကို အခိုင်အမာတည်ဆောက်ထားနိုင်မှသာ မိမိနိုင်ငံ မိမိလူမျိုး၏ အကျိုးစီးပွားကို နိုင်ငံတကာမျက်နှာစာတွင် ကာကွယ်စောင့်ရှောက် မြှင့်တင်နိုင်စွမ်းရှိမည်ဖြစ်ကြောင်း။

ထို့ကြောင့် ပညာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်မှုများကို နိုင်ငံတကာ ပြောင်းလဲဖြစ်ပေါ်မှုအခြေအနေများ၊ မိမိနိုင်ငံ၏ရုပ်လုံးပေါ် ဖြစ်ထွန်းစပြုနေပြီဖြစ်သည့် အနာဂတ်နိုင်ငံတော်၏ အခြေခံများ လိုအပ်ချက်များနှင့် ဆီလျော်ညီညွတ်စွာ တိုးတက်ပြောင်းလဲ မြင့်မားလာစေရအောင်ရည်မှန်းချက်ရှိရှိဖြင့် စီမံဆောင်ရွက်နေခြင်းဖြစ်ကြောင်း။

အဓိကအားဖြင့် နိုင်ငံတော်၏တိုးတက်ပြောင်းလဲဖြစ်ပေါ်မှုများ အနာဂတ်အလားအလာများ၊ နိုင်ငံတကာ အခင်းအကျင်းများက ဖန်တီးဖော်ဆောင်လာမည့် အခြေအနေအချိန်အခါအရပ်ရပ်တွင် မိမိနိုင်ငံမိမိလူမျိုး ရှင်သန်ဖွံ့ဖြိုးတိုးတက်အောင် ကာကွယ်စောင့်ရှောက် မြှင့်တင်ပေးနိုင်မည့် ပညာစွမ်းအား၊ ပညာရည်အဆင့်အတန်းတို့ကို အချိန်နှင့်တစ်ပြေးညီ ရရှိနိုင်စေရန်၊ တစ်နည်းပြောရလျှင် ရင်ဆိုင်ကြုံတွေ့ရမည့် စိန်ခေါ်မှုအမျိုးမျိုးကြား၌ အခြေအနေအချိန်အခါနှင့်လျော်ညီစွာ ရပ်တည်ဖြေရှင်းနိုင်သည့် ပညာစွမ်းအားဖြင့် အခါမလပ် ပြည့်စုံနေစေရေး စီမံဆောင်ရွက်နေခြင်းဖြစ်ကြောင်း။

ထို့ကြောင့် ပညာရေးကဏ္ဍအနေဖြင့် ကျောင်းသားကျောင်းသူလူငယ်များကို စာပေပညာတတ်ကျွမ်းရုံမျှမက နိုင်ငံဖွံ့ဖြိုးရေး လိုအပ်ချက်များကို ပညာစွမ်းအားဖြင့် ဖြည့်ဆည်းမြှင့်တင်ပေးနိုင်စေမည့် ကျန်းမာကြံ့ခိုင်သန်စွမ်းမှု၊ ဉာဏ်ရည်မြင့်မားမှု၊ စိတ်ဓာတ်ကြံ့ခိုင်မှု၊ စာရိတ္တခိုင်ကျည်မှု၊ အတတ်ပညာနည်းပညာဆိုင်ရာ ကျွမ်းကျင်မှုစွမ်းအားကောင်းများနှင့်ပါ ပြည့်စုံစေရအောင် တစ်ပါတည်း လေ့ကျင့်ပျိုးထောင်ပေးကြရမည်ဖြစ်ကြောင်း။

ဤစွမ်းအားကောင်း၊ အလေ့အကျင့်ကောင်းများ၏ ခွန်အားဖြင့်သာ နိုင်ငံဖွံ့ဖြိုးတိုးတက်နေမှု အရှိန်အဟုန်ဖြင့် လျော်ညီစွာလိုအပ်လာသည့် ဖွံ့ဖြိုးမှုဆိုင်ရာ အခြေခံအဆောက်အအုံများ၊ ခေတ်မီသတင်းနှင့် ဆက်သွယ်ရေးဆိုင်ရာ အခြေခံအဆောက်အအုံများ၊ စက်မှုဆိုင်ရာ အခြေခံ အဆောက်အအုံများ၊ အနာဂတ်ကာလဖြစ်ပေါ်ပြောင်းလဲမှုများအတွက် လိုအပ်သည့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးအခြေခံကောင်းများကို အင်နှင့်အားနှင့် ထုနှင့်ထည်နှင့် တည်ဆောက်ပေးကြရမည်ဖြစ်ကြောင်း။

ဤကဲ့သို့ နိုင်ငံ၏ ခေတ်မီတိုးတက်ပြောင်းလဲလာမှု အခြေအနေအရပ်ရပ်က တောင်းဆိုလာသော လိုအပ်ချက်အသစ်များကို ဖြည့်ဆည်းစွမ်းဆောင်ပေးနိုင်မည့် ပညာရည်မြင့်မားမှု၊ ကျွမ်းကျင်မှု၊ အတတ်ပညာ နည်းပညာပြည့်စုံမှု စွမ်းအားများကို ပညာရေးကဏ္ဍက ကြိုတင်ဖန်တီးဖော်ဆောင်ပေးကြရမည်ဖြစ်ကြောင်း။

မိမိတို့ မြန်မာနိုင်ငံသည် စိုက်ပျိုးရေးအခြေပြု နိုင်ငံတစ်နိုင်ငံဖြစ်နေဆဲဖြစ်သော်လည်း စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကို အားပေးဆောင်ရွက်ခဲ့သည့်အတွက် ခေတ်မီစက်မှုဇုန်များ၊ စက်မှုမြို့တော်များ၊စက်ရုံအလုပ်ရုံကြီးများ၊ စက်မှုကုန်ထုတ်လုပ်ငန်းများ အရှိန်အဟုန်ဖြင့် ဖြစ်ထွန်းနေပြီဖြစ်သကဲ့သို့ တစ်ပြိုင်တည်းမှာပင် ခေတ်မီသတင်းနှင့် ဆက်သွယ်ရေးနည်းပညာ အခြေခံသည့် ထုတ်လုပ်မှုလုပ်ငန်းများ၊ ဉာဏဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများ၊ IT Industries များ အသိုင်းအဝိုင်းတစ်ရပ်အနေနှင့် ပေါ်ထွန်းအရှိန်ရစ ပြုနေပြီလည်းဖြစ်ကြောင်း။

တစ်နည်းအားဖြင့် နိုင်ငံဖွံ့ဖြိုးတိုးတက်မှု သမိုင်းကြောင်းတွင် စိုက်ပျိုးရေးအခြေခံမှသည် စက်မှုအခြေခံ ကုန်ထုတ်လုပ်ငန်းများနှင့် ပညာအခြေပြုထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုလုပ်ငန်းများအဆင့်ကို တစ်ပြိုင်တည်းဖြတ်သန်းကူးပြောင်းရန် အရှိန်ယူနေခြင်းပင်ဖြစ်ကြောင်း။

ဤအခြေအနေ အချိန်အခါနှင့်အညီ နိုင်ငံ၏ စီးပွားရေးအခြေခံများဖြစ်သည့် စိုက်ပျိုးရေး၊ စက်မှုနှင့် ဆက်သွယ်ရေးနည်းပညာ အခြေပြုလုပ်ငန်းများ တစ်ဆက်တစ်စပ်တည်း အပြန်အလှန်အကျိုးပြု ဖြစ်ထွန်းလာစေရန် လိုအပ်သည့်စွမ်းအားစုများဖြစ်သည့် အခြေခံအဆောက်အအုံများ၊ နည်းပညာနှင့် ကျွမ်းကျင်မှုများ၊ ငွေကြေးနှင့် ပညာရပ်ဆိုင်ရာ အရင်းအနှီးများ၊ စီမံခန့်ခွဲရေးနှင့် ဥပဒေရေးရာ အပါအဝင် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး အခြေခံများ တိုးတက်ဖြစ်ထွန်းလာစေရန် နိုင်ငံတော်အစိုးရက စီမံဆောင်ရွက်ပေးလျက်ရှိကြောင်း။

ဤရည်မှန်းချက်များ အောင်မြင်ပြည့်မြောက်စေရေးတွင် အတတ်ပညာနည်းပညာစွမ်းအားသည် ပဓာနကျသည့် အခန်းကဏ္ဍက ပါဝင်လျက်ရှိကြောင်း၊ စိန်ခေါ်မှုများနှင့်အတူ ယှဉ်တွဲပါဝင်နေသော အခွင့်အလမ်းများကို အတတ်ပညာ နည်းပညာစွမ်းအားဖြင့် ဖော်ထုတ်အသုံးချနိုင်မှသာ နိုင်ငံတော်က ရည်မှန်းသကဲ့သို့ သမိုင်းဖြစ်စဉ်အဆင့်ဆင့်ကို တစ်ပြိုင်တည်း တစ်ဆက်တစ်စပ်တည်း ဖြတ်သန်းကျော်လွှား ကူးပြောင်းတက်လှမ်းနိုင်မည်ဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် မိမိနိုင်ငံသူနိုင်ငံသား၊ ပြည်သူများအား ရင်ဝယ်သားသဖွယ် သဘောထားပြီး သားစဉ်မြေးဆက် ရာသက်တိုင် အကျိုးဖြစ်ထွန်းစေရအောင်ဆိုသည့်စေတနာဖြင့်အရှည်တည်တံ့ ရှင်သန်ဖွံ့ဖြိုးစေမည့် အနာဂတ်ကို မျှော်မှန်းသော အစီအမံများကို တစိုက်မတ်မတ် ကြိုးပမ်းတည်ဆောက်ပေးလျက်ရှိကြောင်း။

ပညာရေး၊ကျန်းမာရေးအခြေခံကောင်းများ၊ ဆည်မြောင်းတာတမံကြီးများ၊ လမ်းမကြီးတံတားကြီးများ၊ ရေရရှိရေး အစီအမံများ၊ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးစီမံကိန်းများစသည့် အစီအမံများသည် သားစဉ်မြေးဆက်ခံစားကြရမည့် အကျိုးရလဒ်ကောင်းများကို ဖန်တီးဖော်ဆောင်ပေးလျက်ရှိကြောင်း။

အဓိကအားဖြင့် မြန်မာနိုင်ငံသူနိုင်ငံသား တိုင်းရင်းသားပြည်သူအားလုံးအတွက် ငြိမ်းချမ်းသာယာဝပြောမှု၊ အမျိုးသားစည်းလုံးညီညွတ်မှု၊ လွတ်လပ်မှု၊ တရားမျှတမှု၊ တည်ငြိမ်အေးချမ်းမှု၊ လူနေမှုအဆင့်အတန်း တိုးတက်မြင့်မားမှု၊ ယဉ်ကျေးမှုနှင့်လူမှုတန်ဖိုးများ မြင့်မားခိုင်ကျည်မှုစသည့် အမွန်အမြတ် တရားများကို သားစဉ်မြေးဆက် ရရှိခံစားနိုင်စေရေးအတွက် အဓိကမဏ္ဍိုင်ကြီးဖြစ်သည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေကြီး ပေါ်ထွန်းလာစေရအောင် တစ်မျိုးသားလုံးနှင့် လက်တွဲပြီး ကြိုးပမ်းဆောင်ရွက်ပေးနိုင်ခဲ့ပြီဖြစ်ကြောင်း။

ဆရာ ဆရာမတို့အနေနှင့်လည်း သားစဉ်မြေးဆက် အကျိုးကျေးဇူး ရရှိခံစားကြရမည့် အမျိုးသားပညာရည်မြင့်မားမှု အပါအဝင်ဖြစ်သည့် အမွန်အမြတ်တရားများ အကျိုးရလဒ်ကောင်းများ ဆက်လက်ပြီး အရှည်တည်တံ့ခိုင်မြဲစေရအောင်၊ ဆက်လက်ပြီး ရှင်သန်တိုးတက်စေရအောင် မိမိတို့ကျရာအခန်းကဏ္ဍက ပါဝင်ကြိုးပမ်းဆောင်ရွက်ပေးကြပါဟု တိုက်တွန်းပြောကြားသွားသည်။

အခမ်းအနားအပြီးတွင် ဝန်ကြီးဒေါက်တာချမ်းငြိမ်းသည် သင်တန်းသားသင်တန်းသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

အဆိုပါသင်တန်းသို့ သင်တန်းသားသင်တန်းသူ ၁၅၀၁ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တငါးပတ်ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

# ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်ရေးနှင့် ကြက်၊ ငါးမွေးမြူရေး အထူးဇုန် တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့် ကြည့်ရှုစစ်ဆေး

ရန်ကုန် စက်တင်ဘာ ၂၂

**ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်သည် တာဝန်ရှိသူများ လိုက်ပါလျက် ယနေ့မွန်းလွဲ ၁နာရီတွင် ရန်ကုန်မြောက်ပိုင်းခရိုင် မှော်ဘီမြို့နယ် ညောင်နှစ်ပင်ကျေးရွာအနီးရှိ ရန်ကုန်တိုင်းဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်ရေးနှင့် ကြက်၊ ငါးမွေးမြူရေး အထူးဇုန်သို့ရောက်ရှိရာ ဇုန် (၂) ရှင်းလင်းဆောင်၌ တာဝန်ရှိသူများက ဇုန်များအလိုက် ဟင်းသီးဟင်းရွက်နှင့် ခြံစည်းရိုး ကြက်ဆူပင်များ စိုက်ပျိုးထားရှိမှု အခြေအနေ၊ ကြက်၊ငါးမွေးမြူရေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို အသီးသီး ရှင်းလင်းတင်ပြကြသည်။**

ထို့နောက် တိုင်းမှူးက တင်ပြချက်များအပေါ် လိုအပ်သည်များကို မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ထို့မှတစ်ဆင့် တိုင်းမှူးနှင့် အဖွဲ့သည် ဇုန်(၁)ရှိ ဦးအိုက်ပိ၏ ရွှေသရဖူ ကြက်မွေးမြူရေးခြံနှင့် ခြံအတွင်း ရုံးပတီသီးနှင့် ချဉ်ပေါင်ခင်းများ ဖြစ်ထွန်းအောင်မြင်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ယင်းမှတစ်ဆင့် တိုင်းမှူးနှင့် အဖွဲ့သည် ဇုန်(၂)ရှိ ဦးတင်အောင်၏ အောင်မြင် ဖြစ်ထွန်းလျက်ရှိသော တိုင်ထောင်ပဲ သုံးဧကစိုက်ခင်းကို ကြည့်ရှုစစ်ဆေးသည်။

တိုင်းမှူးနှင့်အဖွဲ့သည်မွန်းလွဲပိုင်းတွင် လှည်းကူးမြို့နယ် ရေတာလဘောင်ကျေးရွာရှိ တောင်သူဦးစိန်လွင်၏ အောင်မြင်ဖြစ်ထွန်းလျက်ရှိသော စံပြမိုးစပါး ခုနစ်ဧကအတွင်း စပါးအခြေခံ တစ်နှစ်သုံးသီးစိုက်ပျိုးမှု စနစ်အရ ရွှေမြန်မာ ကောက်စောစပါးကို ကျောပိုးစပါးရိတ်စက်ဖြင့် ရိတ်သိမ်းနေမှု၊ ဒုတိယစပါးကို ကောက်စိုက်စက်ဖြင့် ကောက်စိုက်နေမှု၊လယ်ယာ (၁၆)၊ လယ်ယာ(၂၂) လက်တွန်းထွန်စက်များဖြင့် စုပေါင်းထွန်ယက်နေမှုများကို ကြည့်ရှုအားပေးကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# (၁၆) ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဦးတည်ချက်( ၄ )ရပ်

**၁။ အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။**

**၂။ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားမှု ပိုမိုတိုးတက် ဖြစ်ထွန်းစေရေး။**

**၃။ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးကို အခြေခံသည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်စေရေး။**

**၄။ အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများကို ဆက်လက်သယ်ပိုး ထိန်းသိမ်းစောင့်ရှောက်မည့် မျိုးဆက်သစ်များ ပေါ်ထွန်းရေး။**



**ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့် ရန်ကုန်မြောက်ပိုင်းခရိုင် မှော်ဘီမြို့နယ် ညောင်နှစ်ပင်ကျေးရွာအနီးရှိကြက်၊ ငါးမွေးမြူရေးဇုန်၌ ဦးအိုက်ပိ၏ ရွှေသရဖူ ကြက်မွေးမြူရေးခြံအတွင်း ဥစားကြက်များ မွေးမြူထားရှိမှုကို ကြည့်ရှုစစ်ဆေးစဉ်။**

(သတင်းစဉ်)

## သတိပေးနှိုးဆော်ချက်

မော်တော်ယာဉ် မောင်းနှင်သူအနေဖြင့် အရက်သောက်စားမူးယစ်မောင်းနှင်မှုကြောင့် ယာဉ်တိုက်မှုများ မကြာခဏ ဖြစ်ပွားလျက်ရှိရာ ရန်ကုန်မြို့တော် စည်ပင်သာယာ နယ်နိမိတ်အတွင်း အရက်သေစာ သောက်စား မောင်းနှင်ခြင်းမပြုရန်နှင့် လိုက်နာခြင်းမရှိပါက ခေတ်မီအရက်မူးတိုင်းကိရိယာ (ALCOHOL TESTER) ဖြင့် တိုင်းတာ၍ မူးယစ်မှုတွေ့ရှိပါက တရားဥပဒေအရ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေးနှိုးဆော်အပ်ပါသည်။

**ရန်ကုန်တိုင်း**

**ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ**

# ပျိုရွယ်သူ မျိုးဆက်ပွား ကျန်းမာရေး နည်းပြသင်တန်းဆင်းပွဲ ကျင်းပ

**ရန်ကုန် စက်တင်ဘာ ၂၂**

မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းနှင့် ကုလသမဂ္ဂလူဦးရေ ရန်ပုံငွေအဖွဲ့ (UNFPA) တို့က စီစဉ်ပံ့ပိုးမှုဖြင့် ရှမ်းပြည်နယ် (မြောက်ပိုင်း) မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့က မူဆယ်မြို့နယ်၌ ဖွင့်လှစ်သော "ပျိုရွယ်သူမျိုးဆက်ပွားကျန်းမာရေး နည်းပြသင်တန်း" အမှတ်စဉ်(၃/၂၀၀၈)ဆင်းပွဲကို စက်တင်ဘာ ၅ ရက်တွင် မူဆယ်မြို့ မြို့တော်ခန်းမ၌ကျင်းပရာ ရှမ်းပြည်နယ်(မြောက်ပိုင်း) မိခင်နှင့် ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ချယ်ရီ တက်ရောက်၍ သင်တန်းဆင်း အမှာစကားပြောကြားသည်။

**ကျေးဇူးတင်စကားပြောကြား**

ထို့နောက် သင်တန်းသား သင်တန်းသူ ၃၂ ဦးတို့အား သင်တန်းဆင်းလက်မှတ်များ ပေးအပ်၍ ဆေးတက္ကသိုလ်ကျောင်းသား မောင်စိုင်းမင်းသူထွန်းအား ၂၀၀၈ခုနှစ် ပညာသင်စရိတ် ငွေကျပ်တစ်သိန်းငါးသောင်းကို ထောက်ပံ့ပေးအပ်ပြီး သင်တန်းသူတစ်ဦးက ကျေးဇူးတင်စကားပြောကြားသည်။

အဆိုပါ သင်တန်းသို့ သင်တန်းသား၁၀ဦး သင်တန်းသူ၂၂ဦး စုစုပေါင်း ၃၂ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ငါးရက် ကြာမြင့်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# အီရန်အပေါ် မည်သည့်အရေးယူမှုကိုမဆို ရုရှားနိုင်ငံ ဆန့်ကျင်ကန့်ကွက်

**မော်စကို စက်တင်ဘာ ၂၁**

အီရန်နိုင်ငံအပေါ် အငြင်းပွားလျက်ရှိသော နျူကလီးယားပြဿနာနှင့် ပတ်သက်ပြီး ယခုအချိန်တွင် ကုလသမဂ္ဂက ချမှတ်သည့် မည်သည့်အရေးယူမှုအသစ်ကိုမဆို ဆန့်ကျင်ကြောင်း ရုရှားနိုင်ငံခြားရေးဝန်ကြီးဌာနက စနေနေ့တွင် ပြောကြားသည်။

**ထွက်ပေါ်လာ**

အီရန်အစိုးရက ကုလသမဂ္ဂဆုံးဖြတ်ချက်ကို လိုက်နာရန် ငြင်းဆိုသောကြောင့် ကုလသမဂ္ဂအမြဲတမ်းလုံခြုံရေးကောင်စီအဖွဲ့ဝင် ငါးနိုင်ငံနှင့် ဂျာမနီနိုင်ငံတို့မှ သံတမန်များ၏ အီရန်နိုင်ငံအပေါ် အရေးယူမှုအသစ်ဖြစ်လာဖွယ်ရာရှိသော အစည်းအဝေးအပြီး နောက်တစ်ရက်တွင် ရုရှားနိုင်ငံခြားရေး ဝန်ကြီးဌာန၏ ကြေညာချက် ထွက်ပေါ်လာခြင်း ဖြစ်သည်။

ယခုအဆင့်တွင် လုံခြုံရေးကောင်စီက နောက်ထပ် နည်းလမ်းများ ချမှတ်ခြင်းကို ဆန့်ကျင်ကြောင်း ရုရှားနိုင်ငံခြားရေးဝန်ကြီးဌာန၏ ပြောကြားချက်ကို ကိုးကား၍ အာအိုင်အေနိုဗော့စ်တီ သတင်းဌာနက ဖော်ပြသည်။

အပြုသဘောဆောင်သော ဆွေးနွေးမှုလမ်းကြောင်းပေါ်သို့ အီရန်နိုင်ငံပါဝင်လာစေရေးကို ဆက်လက်ကြိုးပမ်းသင့်ကြောင်း ရုရှားနိုင်ငံက အလေးအနက်ပြောကြားခဲ့သည်ဟု နိုင်ငံခြားရေးဝန်ကြီးဌာနက ဆိုသည်။

အမေရိကန်ပြည်ထောင်စု၊ တရုတ်၊ ရုရှား၊ ဗြိတိန်၊ ပြင်သစ်နှင့် ဂျာမနီမှ ကိုယ်စားလှယ်များသည် အီရန်နိုင်ငံ၏ နျူကလီးယားကိစ္စနှင့်ပတ်သက်၍ ဆွေးနွေးရန်ဝါရှင်တန်တွင် သောကြာနေ့က တွေ့ဆုံခဲ့ကြသည်။

***အမ်အင်အေ၊ဆင်ဟွာ။***



**သီရိလင်္ကာ အရှေ့ပိုင်းတွင် တမီးလ် ပြောက်ကျားများနှင့် တိုက်ပွဲဝင်နေသော သီရိလင်္ကာ တပ်ဖွဲ့ဝင်တစ်ဦးကို စက်တင်ဘာ ၁၉ ရက်က တွေ့ရစဉ်။**

*(ဓာတ်ပုံ-အင်တာနက်)*

# ဂရိသင်္ဘောကို ဆိုမာလီ ပင်လယ်ဓားပြတိုက်ခိုက်

**အေသင် စက်တင်ဘာ ၂၁**

ဂရိသင်္ဘောတစ်စင်းသည် ဆိုမာလီပင်လယ်ဓားပြများ၏ တိုက်ခိုက်ခြင်းကိုခံရကြောင်း ဂရိကုန်သည်ရေကြောင်းဝန်ကြီးဌာနက တနင်္ဂနွေနေ့တွင် ပြောကြားသည်။

သင်္ဘောတွင် သင်္ဘောသား ၁၉ဦးပါပြီး အများစုမှာ ဖိလစ်ပိုင်နိုင်ငံသားများဖြစ်ကြသည်။ ဆိုမာလီမှ ရေမိုင် ၂၅၀ အကွာတွင် တိုက်ခိုက်ခြင်းခံရပြီးနောက် ထပ်မည်သည့်သတင်းမှ မရရှိကြောင်း သင်္ဘောသားများ၏ ကံကြမ္မာကို လည်းမသိရသေးကြောင်း ၎င်းဝန်ကြီးဌာနက ပြောကြားသည်။

၎င်းသင်္ဘောသည် ဘဟားမားနိုင်ငံ အလံလွှင့်ထူထားပြီး ချက်ဝါးလ် ရေကြောင်းသွားလာရေး သင်္ဘောလိုင်းမှ ပိုင်ဆိုင်ကြောင်း၊ ကျောက်မီးသွေးများ တင်ဆောင်လာခြင်း ဖြစ်ကြောင်း ဆက်လက်ပြောကြားသည်။

ယခုအကြိမ်သည် တစ်ပတ်အတွင်း ဒုတိယမြောက် ဂရိသင်္ဘော အတိုက်ခံရခြင်းဖြစ်သည်။

***အင်တာနက်။***

# စပိန်နိုင်ငံမြောက်ပိုင်းတွင် ဗုံးနှစ်လုံးပေါက်ကွဲ

**မဒရစ် စက်တင်ဘာ ၂၁**

စပိန်နိုင်ငံဘတ်စကျူဒေသမြောက်ပိုင်းတွင် ဒုတိယအကြိမ် ကားဗုံးပေါက်ကွဲခဲ့ရာ ခုနစ်ဦး ဒဏ်ရာရရှိခဲ့ကြောင်း စပိန်အစိုးရ တာဝန်ရှိသူများက ပြောကြားသည်။

အဆိုပါ ဗုံးသည် စက်တင်ဘာ ၂၁ ရက် ဒေသစံတော်ချိန် နံနက် ၄ နာရီ ၃၀ မိနစ်အချိန်၌ အွန်ဒါရိုအာ ဆိပ်ကမ်းမြို့ရှိ ရဲစခန်းတစ်ခု၏ အပြင်ဘက်တွင် ပေါက်ကွဲခဲ့ခြင်းဖြစ်ပြီး ရဲတပ်ဖွဲ့ဝင်သုံးဦးနှင့် အရပ်သားလေးဦး အနည်းငယ် ထိခိုက်ဒဏ်ရာရရှိကာ ဆေးရုံတွင် တက်ရောက်ကုသမှုခံယူနေကြောင်း ပြည်ထဲရေးဝန်ကြီးဌာနက ပြောကြားသည်။

ပထမဗုံးဖောက်ခွဲမှုမတိုင်မီတွင်အီးတီအေအဖွဲ့ကိုယ်စား တစ်စုံတစ်ဦးက ဖုန်းဖြင့် သတိပေးပြောကြားခဲ့သေးသည်ဟု ဒေသဆိုင်ရာ အုပ်ချုပ်ရေးဌာနက ပြောကြားသည်။

***အင်တာနက်။***



**အာဖရိက ဦးချိုဒေသ ဆိုမာလီကမ်းလွန်ရေပြင်တွင် ပင်လယ်ဓားပြများရန်မှ ကာကွယ်ရန် နိုင်ငံတကာရေတပ်မှ ကင်းလှည့်နေသော အမြန်သွားစစ်ရေယာဉ်ငယ်ကို စက်တင်ဘာ ၁၉ရက်က တွေ့ရစဉ်။**

*(ဓာတ်ပုံ-အင်တာနက်)*

# ပါကစ္စတန်ရွာသားများ တိုက်ခိုက်မှုကြောင့် အကြမ်းဖက်သမား နှစ်ဦးသေဆုံး

**ပက်ရှာဝါ စက်တင်ဘာ ၂၁**

ပါကစ္စတန်နိုင်ငံ ဒါးဒေသတွင် စက်တင်ဘာ ၁၈ရက်နေ့က ကျောင်းသားကလေး၃၀၀အားဓားစာခံအဖြစ် ဖမ်းဆီးခေါ်ဆောင်ရန် ကြိုးပမ်းခဲ့ကြသော အကြမ်းဖက်သမားများအား ဒေသခံများက ခုခံတိုက်ခိုက်သောအခါ အသေခံဗုံးခွဲသမားဖြစ်ဖွယ်ရှိသော ထိုအကြမ်းဖက်သမား နှစ်ဦးသည် ၎င်းတို့ကို ၎င်းတို့ ဗုံးခွဲ၍ သေသွားခဲ့သည်ဟု ရဲတပ်ဖွဲ့က ပြောကြားသည်။

**နှင်ထုတ်**

၎င်းတို့သည် ဆွပ်တောင်ကြားမှနေ၍ အဆိုပါ ဒေသအတွင်းသို့ ဝင်ရောက်လာကာ ကျောင်းသားကလေး ၃၀၀ အား ဓားစာခံအဖြစ် ဖမ်းဆီးခေါ်ဆောင်ရန် ကြိုးစားခဲ့သဖြင့် ဒေသဆိုင်ရာ ရဲတပ်ဖွဲ့နှင့် ဒေသခံများက ၎င်းတို့အား တိုက်ခိုက်နှင်ထုတ်ခဲ့ကြကြောင်း သတင်းဌာနက ဖော်ပြသည်။

**သေကြောင်းကြံ**

၎င်းတို့နှစ်ဦးသည် ဒေသခံများနှင့် အပြန်အလှန်ပစ်ခတ်တိုက်ခိုက်ရင်းဖြင့် တောအုပ်တစ်ခုအတွင်းသို့ ပြေးဝင်ကာ ၎င်းတို့ကိုယ်ကို ဗုံးများ တပ်ဆင်ဖောက်ခွဲ၍ သေကြောင်းကြံခဲ့ခြင်းဖြစ်သည်ဟုဆိုသည်။

တတိယမြောက်အကြမ်းဖက်သမားကိုမူ ဖမ်းဆီးမိခဲ့ကြောင်း သိရသည်။ ဓားစာခံအဖြစ် ဖမ်းဆီးခေါ်ဆောင်ခံရသော ကလေးငယ် ၃၀၀ မှာ လွတ်မြောက်ခဲ့ကြောင်းနှင့် ယခုလုပ်ရပ်သည် တစ်ဖက်စွန်းရောက်သည့်လုပ်ရပ်ကိုပြသရာရောက်ကြောင်း ဒေသခံများက ပြောကြားသည်။

***အင်တာနက်။***

# အမေရိကန် စင်းလုံးငှားလေယာဉ် ပျက်ကျ လေးဦးသေဆုံး၊ နှစ်ဦးဒဏ်ရာရရှိ

**ဝါရှင်တန် စက်တင်ဘာ ၂၁**

အမေရိကန်နိုင်ငံ ကယ်ရိုလိုင်းနားပြည်နယ်တောင်ပိုင်းရှိ ကိုလံဘီယာမြို့အနောက်ဘက်တွင် စင်းလုံးငှားလေယာဉ်ငယ်တစ်စင်းပျက်ကျမှုဖြစ်ပွားရာ လေယာဉ်ပေါ်ပါသူ ခြောက်ဦးအနက် လေးဦးသေဆုံးပြီး နှစ်ဦးမှာ ပြင်းထန်စွာ ဒဏ်ရာရရှိခဲ့ကြောင်း တာဝန်ရှိသူများက စက်တင်ဘာ ၂၀ ရက်တွင်ပြောကြားသည်။ ယင်းလေယာဉ်သည် ညသန်းခေါင်အချိန်တွင် ပျက်ကျခဲ့ခြင်း ဖြစ်သည်။

ဒဏ်ရာရရှိသူနှစ်ဦးမှာ နာမည်ကြီးပေါ့ပ်အဆိုတော်များ ဖြစ်ကြသော ထရက်ဗစ်ဘာကာနှင့် အာဒမ်ရိုးစတင်းန်တို့ ဖြစ်ကြပြီး ဆေးရုံတွင် ကုသမှု ခံယူနေကြောင်း အမျိုးသားလေကြောင်း သယ်ယူပို့ဆောင်မှု ညွှန်ကြားရေးဌာနမှ တာဝန်ရှိသူများက ပြောကြားသည်။

**ဝင်တိုက်**

ယင်းလီယာဂျက်အမည်ရှိ စင်းလုံးငှားလေယာဉ်ငယ်သည် ကွင်းမှ ပျံတက်ရန် ကြိုးပမ်းစဉ် စက်ချို့ယွင်းကာ ကိုလံဘတ်စ်မြို့ လေဆိပ်ပြေးလမ်းအဆုံးရှိ ခြံစည်းရိုးတစ်ခုကို ဝင်တိုက်မိပြီး ပျက်ကျခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။

***အမ်အင်အေ၊ဆင်ဟွာ။***

## ကြေးမုံ The Mirror နိုင်ငံတကာသတင်းများ

## သဘာဝဘေးအန္တရာယ်သတင်းများ

# တရုတ်နိုင်ငံအလယ်ပိုင်းရှိ ကျောက်မီးသွေးတွင်း ဓာတ်ငွေ့အဆိပ်သင့်မှုဖြစ်ပွား ၃၁ ဦး သေဆုံး

**စင်ကျိုး စက်တင်ဘာ ၂၁**

တရုတ်နိုင်ငံအလယ်ပိုင်း ဟန်နန်ပြည်နယ်တွင် စက်တင်ဘာ ၂၁ ရက် စောစောပိုင်းက ကျောက်မီးသွေးသတ္တုတွင်း၌ ဓာတ်ငွေ့အဆိပ်သင့်မှု ဖြစ်ပွားရာ အနည်းဆုံးလူ ၃၁ ဦးသေဆုံးပြီး အခြား ကိုးဦးဒဏ်ရာရရှိသည်။

ဒန်ဖန်မြို့အနောက်တောင်ဘက်စင်ဖန်အမှတ်-၂ ကျောက်မီးသွေးတွင်း၌ နံနက် ၁ နာရီ ၄၀ မိနစ်ခန့်က ဓာတ်ငွေ့အဆိပ်သင့်မှု ဖြစ်ပွားကြောင်း တာဝန်ရှိသူက ပြောကြားသည်။

ယင်းမတော်တဆမှုဖြစ်ပွားချိန်၌ မြေအောက်အတွင်း အလုပ်သမား ၁၀၈ ဦး ရှိနေပြီး ၆၈ ဦးမှာ လွတ်မြောက်လာခဲ့သည်။

ကယ်ဆယ်ရေးအဖွဲ့များက မြေအောက်အတွင်း ပိတ်မိနေသူများကို ရှာဖွေလျက်ရှိသည်။ ယင်းကျောက်မီးသွေးသတ္တုတွင်းသည် ပုဂ္ဂလိကပိုင်ဖြစ်သည်။

***အမ်အင်အေ၊ဆင်ဟွာ။***



**နီပေါနိုင်ငံတွင် ရေကြီးမှုဖြစ်ပွားနေသည်ကို တွေ့ရစဉ်။**

# နီပေါ၌ မိုးသည်း၍ ရေကြီး၊ ၁၄ ဦးသေဆုံး

**ခတ္တမန္ဒူ စက်တင်ဘာ ၂၁**

နီပေါနိုင်ငံ အနောက်ဘက်စွန်းရှိ ခရိုင်များတွင် လွန်ခဲ့သော ၂၄ နာရီအတွင်း မိုးသည်းထန်စွာ ရွာသွန်းပြီး ရေကြီးရာ အနည်းဆုံးလူ ၁၄ ဦးသေဆုံးပြီး ဒါဇင်များစွာ ပျောက်ဆုံးကာ မိသားစု ထောင်နှင့်ချီ၍ အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ကြောင်း တနင်္ဂနွေနေ့ထုတ် ပြည်တွင်း သတင်းစာ ရီစင်းနီပေါက ဖော်ပြသည်။

နီပေါနိုင်ငံအနောက်ဘက်ခရိုင်များဖြစ်သည့် ကီလာလီ၊ ဒိုတီနှင့် ဂယ်မီတို့တွင် မြေပြိုခြင်းနှင့် ရေကြီးခြင်းများဖြစ်ခဲ့သည်။ နီပေါနိုင်ငံ မြို့တော် ခတ္တမန္ဒူ အနောက်ဘက် ကီလိုမီတာ ၄၇၀ ခန့်အကွာ ကီလာလီခရိုင်ရှိ ကျေးရွာများတွင် အများဆုံးဖြစ်ပွားကြောင်း ကြက်ခြေနီအသင်းက ပြောကြားသည်။

ကီလာလီခရိုင်တစ်ခုတည်း၌ မိသားစု ၃၄၄၆ ဦးခန့် အိုးမဲ့အိမ်မဲ့ ဖြစ်သည်။ စက်တင်ဘာ ၂၀ရက် ညနေပိုင်းက အိမ် ၃၀၇လုံး ရေမျောပါသွားသည်။ ရေကြီးမှုဖြစ်ရာ ဒေသများတွင် လုံခြုံရေးတပ်ဖွဲ့များ ချထားကြောင်း၊ မိုးအဆက်မပြတ် ရွာသွန်းနေမှုကြောင့် ကယ်ဆယ်ရေးလုပ်ငန်းများ နှောင့်နှေးကြန့်ကြာခဲ့ရကြောင်း တာဝန်ရှိသူက ပြောကြားသည်။

***အမ်အင်အေ၊ဆင်ဟွာ။***

# ဂျပန်နိုင်ငံ ချီဘာဒေသ၌ ငလျင်လှုပ်

**တိုကျို စက်တင်ဘာ ၂၁**

ဂျပန်နိုင်ငံ ချီဘာဒေသတွင် စက်တင်ဘာ ၂၁ရက် နံနက် ၇နာရီ ၁၇ မိနစ်က ရစ်ချ်တာစကေး ၄ ဒသမ ၈အဆင့်ရှိ ငလျင်လှုပ်သွားကြောင်း ဂျပန်နိုင်ငံမိုးလေဝသဌာနက ပြောကြားသည်။

အဆိုပါငလျင်သည် တိုကျိုမြို့နယ်စပ် ချီဘာစီရင်စုဒေသ အနောက်မြောက်ဘက် မြေအောက်ကီလိုမီတာ ၈၀ ခန့်အကွာကို ဗဟိုပြု၍လှုပ်သွားကြောင်းသိရသည်။

ယင်းငလျင်လှုပ်မှုကြောင့် သေကျေဒဏ်ရာရရှိမှုနှင့် ပျက်စီးဆုံးရှုံးမှုကို ဖော်ပြခြင်းမရှိကြောင်းနှင့် ဆူနာမီသတိပေးချက် ထုတ်ပြန်ခြင်းလည်း မရှိကြောင်းသိရသည်။

***အင်တာနက်။***

# အနာဂတ်တွင် တရုတ်နိုင်ငံနှင့် မဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်ရန် အယ်လ်ဂျီးရီးယား မျှော်လင့်

**အယ်လ်ဂျီးယား စက်တင်ဘာ ၂၁**

အယ်လ်ဂျီးရီးယားနိုင်ငံနှင့် တရုတ်နိုင်ငံတို့အကြားတွင် အနာဂတ်အတွက် မဟာဗျူဟာမြောက် လေးနက်စွာ ပူးပေါင်းဆောင်ရွက်ရန်မျှော်လင့်မိကြောင်းအယ်လ်ဂျီးရီးယားဝန်ကြီးချုပ် အာမက်အူရာဟီရာက စက်တင်ဘာ ၂၀ ရက်တွင် ပြောကြားသည်။

အယ်လ်ဂျီးရီးယားနိုင်ငံသို့ အလည်အပတ် ရောက်ရှိနေသော တရုတ်ကုန်သွယ်ရေးဒုတိယဝန်ကြီး ချန်ကျင်နှင့်တွေ့ဆုံဆွေးနွေးစဉ် အာမက်အူရာဟီရာက ယခုကဲ့သို့ ပြောကြားခြင်းဖြစ်သည်။ မိမိတို့အနေဖြင့် နှစ်ဦးနှစ်ဖက် အပြန်အလှန် ပူးပေါင်းဆောင်ရွက်ရေးနှင့်စပ်လျဉ်း၍ကျေနပ်အားရမိကြောင်းနှင့် အနာဂတ်တွင် ဖွံ့ဖြိုးတိုးတက်မှု အခြေအနေကို အမြင့်ဆုံးသို့ရောက်ရှိရေး ပူးပေါင်းဆောင်ရွက်ရန် ဆန္ဒပြုပါကြောင်း ၎င်းကဆိုသည်။

အယ်လ်ဂျီးရီးယားနိုင်ငံရှိ ပုဂ္ဂလိကပိုင်ကုမ္ပဏီများနှင့်လည်းအပြန်အလှန် ရင်းရင်းနှီးနှီး ပူးပေါင်းဆောင်ရွက်ကြပါရန် နိုင်ငံအတွင်းရှိ တရုတ်ကုမ္ပဏီများအား ဝန်ကြီးချုပ်က တိုက်တွန်းပြောကြားသည်။

ယင်းနေ့မှာပင် တရုတ်-အယ်ဂျီးရီးယား စီးပွားရေးနှင့် ကုန်သွယ်ရေး ပူးပေါင်းဆောင်ရွက်မှု ကဏ္ဍကို အားပေးမှု ပြုရေးအတွက် ချန်သည် အယ်ဂျီးရီးယား ကုန်သွယ်ရေးဝန်ကြီး အယ်လ်- ဟာချီမီဒီဂျာအဘက်နှင့်လည်း သွားရောက် တွေ့ဆုံဆွေးနွေးခဲ့သည်။ ***အမ်အင်အေ၊ဆင်ဟွာ။***



# ဗုံးကွဲမှုဖြစ်ပွားသည့် ပါကစ္စတန်ဟိုတယ် ကယ်ဆယ်ရေးဆက်လက်ဆောင်ရွက်

**အစ္စလာမ္မာဘတ် စက်တင်ဘာ ၂၁**

ပါကစ္စတန်နိုင်ငံမာရီယော့ဟိုတယ်တွင် အသေခံ ဗုံးခွဲတိုက်ခိုက်ခဲ့ရာ သေဆုံးသူ ၅၃ဦး၊ ဒဏ်ရာရသူ ၂၆၆ဦး အထိရှိလာပြီး ကယ်ဆယ်ရေးသမားများသည် သေဆုံးသူများနှင့် အသက်ရှင် ကျန်ရှိနေသူများကို ဆက်လက်ရှာဖွေလျက်ရှိသည်။

သေဆုံးသူအများစုသည်ပါကစ္စတန်လူမျိုးများဖြစ်ကြသည်။ နိုင်ငံခြားသား အနည်းဆုံး လေးဦးသေဆုံးရာတွင် ချက်သံအမတ်ကြီးလည်းပါဝင်ကြောင်း သိရသည်။

အမေရိကန်နှင့် ဗီယက်နမ်နိုင်ငံသားများလည်း သေဆုံးသူများတွင် ပါဝင်သည်။ ဒဏ်ရာရရှိသူများတွင်လည်း နိုင်ငံခြားသားများ ပါဝင်သည်။

ဟော်လန်နိုင်ငံခြားရေးဝန်ကြီးဌာနက ၎င်းတို့၏ သံတမန်တစ်ဦးလည်း ပျောက်ဆုံးနေသည်ဟု ဆိုသည်။ ***အင်တာနက်။***

**စက်တင်ဘာ ၂၀ ရက်က ပါကစ္စတန်နိုင်ငံ မာရီယော့ ဟိုတယ်အား အသေခံကားဗုံးခွဲ တိုက်ခိုက်ခဲ့ရာ ဟိုတယ်ရှေ့တွင် ပေ ၂၀ နက်သော ကျင်းကြီး တစ်ခုဖြစ်သွားသည်ကို တွေ့ရစဉ်။** *(ဓာတ်ပုံ-အင်တာနက်)*




# ဗင်နီဇွဲလားရောက် ဗုံးကြဲလေယာဉ်နှစ်စင်း ရုရှားနိုင်ငံသို့ ပြန်လည်ရောက်ရှိ

**မော်စကို စက်တင်ဘာ ၂၁**

ရုရှားနိုင်ငံ၏ တီယူ-၁၆၀ မဟာဗျူဟာမြောက်ဗုံးကြဲလေယာဉ်နှစ်စင်းသည် သောကြာနေ့ အစောပိုင်းက ဗင်နီဇွဲလားနိုင်ငံမှ ၁၅နာရီကြာ ပျံသန်းခဲ့ပြီးနောက်ရုရှားနိုင်ငံအလယ်ပိုင်း ဆာရာတိုဗ်ဒေသ ယင်းတို့၏အခြေစိုက်စခန်းသို့ ပြန်လည်ရောက်ရှိလာသည်။

ထိုဗုံးကြဲလေယာဉ် နှစ်စင်းသည် တာဝန်ပြီးဆုံး၍ ပြန်လာသည်ဟု မစ်ရှင်အဖွဲ့က ဆိုသည်။ ဂျော်ဂျီယာနိုင်ငံမှ ခွဲထွက်လာသော တောင်အော်ဆက်တီးယား ဒေသတွင် ဖြစ်ပွားသောပြဿနာနှင့် ယင်းလေယာဉ်များ ဗင်နီဇွဲလားသို့ပျံသန်းသောကိစ္စမှာ ဆက်စပ်မှု မရှိကြောင်း ဗိုလ်ချုပ်ကြီး အလက်ဇန္ဒားဘလာဇန်ကိုက ပြောကြားသည်။

ယခင်ကတည်းက ဗုံးကြဲလေယာဉ်များပျံသန်းရေးအတွက် ပြင်ဆင်မှုများ စတင်ဆောင်ရွက်ခဲ့သည်။ အစပိုင်းကတည်းက မိမိတို့သည် ပျံသန်းရမည့်နိုင်ငံကို ကွဲပြားစွာမဆုံးဖြတ်ခဲ့ရသေးကြောင်း၊နောက်ဆုံး၌ဗင်နီဇွဲလားနိုင်ငံက ပူးပေါင်းဆောင်ရွက်ရန် မိမိတို့ကို ကမ်းလှမ်းခဲ့ကြောင်း၊ ၎င်း၏ပြောကြားချက်ကို ကိုးကား၍အင်တာဖက်စ်သတင်းဌာနက ဖော်ပြသည်။ အတ္တလန္တိတ်နှင့် အာတိတ်သမုဒ္ဒရာရေပြင်ပေါ်မှ ပျံသန်းကာ ရုရှားနိုင်ငံ၏ဗုံးကြဲလေယာဉ်နှစ်စင်းသည်ဌာနေနိုင်ငံသို့ ပြန်လည်ရောက်ရှိခဲ့သည်။ ထိုလေယာဉ်နှစ်စင်းသည် နော်ဝေးပင်လယ်ပြင်၏ ကောင်းကင်ယံတွင် အီလျူးရှင်း-၇၈ ဆီဖြည့်လေယာဉ်မှ ဆီများကို ဖြည့်တင်းကာခရီးဆက်ခဲ့ရသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***



# အိပ်ချ်အိုင်ဗွီကူးစက်ရောဂါ လျော့ပါးစေရေး ယူဂန္ဒာ၌ ကြိုတင်ကာကွယ်ဆေး စမ်းသပ်

**ကမ်ပါလာ စက်တင်ဘာ ၂၁**

အိပ်ချ်အိုင်ဗွီဗိုင်းရပ်စ်ပိုး ကူးစက်ပျံ့နှံ့မှု လျော့ပါးစေရေးအတွက် ဆေးဝါးတစ်မျိုးကို ယူဂန္ဒာနိုင်ငံက စမ်းသပ်လျက်ရှိသည်။ ထိုသောက်ဆေးကိုလိင်ပိုင်းဆိုင်ရာအကာအကွယ်မယူဘဲ ဆက်ဆံမှုပြုလုပ်ရာ၌ အသုံးပြုနိုင်သည်ဟုဆိုသည်။ ယင်းဆေးကို မကြာမီစမ်းသပ်မည်ဟု ဒေသဆိုင်ရာ သတင်းဌာနက စနေနေ့တွင် ဖော်ပြသည်။

**ထုတ်လွှင့်**

ထိုသောက်ဆေးကို မျောက်များဖြင့် စမ်းသပ်ခဲ့ရာ အောင်မြင်မှု ရရှိကြောင်း သိရသည်။ လူသားများဖြင့် ကနဦး စမ်းသပ်မှုများ၌ အကျိုးထူးရရှိထားကြောင်း အဆိုပါ ဆေးဝါးစမ်းသပ်မှုတွင် ပါဝင်ဆောင်ရွက်သူ ပါဒရစ်ခ်နာဆီ၏ ပြောကြားချက်ကို ကိုးကား၍ နိုင်ငံပိုင်ရုပ်သံသတင်းက စနေနေ့တွင် ထုတ်လွှင့်ခဲ့သည်။

**ကြိုတင်ပြင်ဆင်**

အိပ်ချ်အိုင်ဗွီဗိုင်းရပ်စ်ပိုး ကူးစက်ပျံ့နှံ့မှု လျော့ပါးစေသည့် ဆေးဝါးကို လက်တွေ့သုံးစွဲမှုမပြုမီ ယူဂန္ဒာနှင့် အမေရိကန် သိပ္ပံပညာရှင်များက ယူဂန္ဒာတွင် စမ်းသပ်မှုတတိယအဆင့်အတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်လျက်ရှိသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

**အီရတ်နိုင်ငံတွင် အမေရိကန် စစ်ဘက်ရဟတ်ယာဉ် တစ်စင်းက လူနေရပ်ကွက် အတွင်းရှိ ပစ်မှတ်များကို ဗုံးကြဲ တိုက်ခိုက်နေစဉ်။**

*(ဓာတ်ပုံ-အင်တာနက်)*

**အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တွင် လမ်းဘေးဗုံး ဖောက်ခွဲတိုက်ခိုက်မှု ဖြစ်ပွားသွားသော နေရာကို စက်တင်ဘာ ၂၁ ရက်က တွေ့ရစဉ်။**

*(ဓာတ်ပုံ-အင်တာနက်)*

# တစ်ရက်အတွင်း ဖြစ်ပွားခဲ့သည့် တိုက်ခိုက်မှု အီရတ်နိုင်ငံသား ဒါဇင်နှင့်ချီ၍ ထိခိုက်ဒဏ်ရာရရှိ

**ဘာဂ်ဒါဒ် စက်တင်ဘာ ၂၁**

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တွင် စက်တင်ဘာ ၂၁ ရက် နံနက်ပိုင်းက ဗုံးခုနစ်လုံး ပေါက်ကွဲပြီး ပစ်ခတ်တိုက်ခိုက်မှု နှစ်ကြိမ်ဖြစ်ပွားခဲ့ရာ အနည်းဆုံး ၃၅ ဦး ဒဏ်ရာရရှိပြီး တစ်ဦးသေဆုံးခဲ့ရသည်ဟု ပြည်ထဲရေးဝန်ကြီးဌာနက ပြောကြားသည်။

စက်တင်ဘာ ၂၁ရက်က ဖြစ်ပွားခဲ့သည့် လမ်းဘေးဗုံးပေါက်ကွဲမှု ဖြစ်စဉ်အပါအဝင်အကြမ်းဖက်တိုက်ခိုက်မှုများသည်ဘဂ္ဂဒက်မြို့မြောက်ပိုင်းရှိ ဝါဇီရီရာဒေသတွင် အီရတ်အစိုးရတပ်ဖွဲ့၏ယာဉ်တန်းကိုပစ်မှတ်ထားတိုက်ခိုက်ခဲ့ခြင်းဖြစ်ပြီး ယင်းဖြစ်စဉ်တွင် တပ်ဖွဲ့ဝင် သုံးဦးအပါအဝင် အနည်းဆုံး လူရှစ်ဦး ဒဏ်ရာရရှိခဲ့သည်ဟုဆိုသည်။

ဘဂ္ဂဒက်မြို့မြောက်ပိုင်းရှိအက်ဟမ်မီရာဒေသတွင် စက်တင်ဘာ ၂၁ရက် နံနက်ပိုင်းက အီရတ်ကင်းလှည့်တပ်ဖွဲ့အားရည်ရွယ်၍ ထောင်ထားသည့် လမ်းဘေးဗုံး ပေါက်ကွဲသွားရာ ရဲတပ်ဖွဲ့ဝင်တစ်ဦးအပါအဝင် ငါးဦးဒဏ်ရာရရှိသည်။

အဆိုပါနေ့ကပင် ဘဂ္ဂဒက်မြို့လယ်ကောင်၌လည်းအရပ်ဘက်ယာဉ်တစ်စီးတွင် ထောင်ထားသည့်ဗုံး ပေါက်ကွဲရာ ရဲတပ်ဖွဲ့ဝင်တစ်ဦး အပါအဝင် လေးဦးဒဏ်ရာရရှိကြောင်း ပြည်ထဲရေးဝန်ကြီးဌာန၏ ပြောကြားချက်အရ သိရသည်။

ယင်းနေ့နံနက်တွင် ဘဏ္ဍာရေးဝန်ကြီး လိုက်ပါလာသော ယာဉ်တန်းသည် ဘဂ္ဂဒက်မြို့ အနောက်ဘက် ဟာသီရာဒေသ၌ ဗုံးခွဲတိုက်ခိုက်ခံခဲ့ရပြီး ၎င်းမှာပြင်းထန်စွာ ဒဏ်ရာရရှိသွားသည်ဟုဆိုသည်။

ထို့ပြင် ဘဂ္ဂဒက်မြို့ အရှေ့တောင်ပိုင်းဇာအာဖာရေနီရာ ဒေသအနီးတွင် အီရတ်ရဲတပ်ဖွဲ့၏ အစောင့်အရှောက်ယာဉ်တန်းအား ပစ်မှတ်ထားကာ လမ်းဘေးဗုံးဖြင့် တိုက်ခိုက်ခဲ့ရာ ရဲတပ်ဖွဲ့ဝင်သုံးဦးနှင့် အရပ်သားသုံးဦး ဒဏ်ရာရရှိခဲ့သည်။

တစ်ချိန်တည်းမှာပင် ဘဂ္ဂဒက်မြို့လယ်ကောင်၌ ကင်းလှည့်ရဲတပ်ဖွဲ့ဝင်များကို ပစ်မှတ်ထားပြီး လမ်းဘေးဗုံးဖောက်ခွဲခဲ့သဖြင့် အနည်းဆုံး ရဲတပ်ဖွဲ့ဝင်သုံးဦးနှင့်အရပ်သားလေးဦးဒဏ်ရာရရှိသွားသည်။ ***အင်တာနက်။***

# ဘဂ္ဂဒက်မြောက်ပိုင်းတွင် ဗုံးကွဲ နှစ်ဦးသေဆုံး၊ ၂၄ဦး ဒဏ်ရာရ

**ဘဂ္ဂဒက် စက်တင်ဘာ ၂၁**

အီရတ်နိုင်ငံမြောက်ပိုင်း ရေနံကြွယ်ဝသောဒေသရှိ ကယ်ကွတ်မြို့တွင် စက်တင်ဘာ ၂၁ရက်က ကားဗုံးကွဲမှု ဖြစ်ပွားရာ နှစ်ဦးသေဆုံးပြီး ၂၄ ဦး ဒဏ်ရာရရှိသွားကြောင်း ဒေသဆိုင်ရာ ရဲတပ်ဖွဲ့သတင်းရပ်ကွက်က ပြောကြားသည်

ကယ်ကွတ်မြို့လယ်ကောင် လူစည်ကားရာနေရာ၌ထောင်ထားသောကားဗုံးပေါက်ကွဲခဲ့ခြင်း ဖြစ်သည်ဟု ဒေသရဲတပ်ဖွဲ့အကြီးအကဲ ဗိုလ်မှူးချုပ် ဘာဟန်ဂါဆစ်ဖ်က ပြောကြားသည်။

ဒဏ်ရာရရှိသွားသူများတွင် ရဲတပ်ဖွဲ့ဝင်အများအပြားပါဝင်ပြီး အခင်းဖြစ်ပွားရာနေရာ၌ ရပ်ထားသော အရပ်ဘက်ကား အများအပြားလည်း ပျက်စီးသွားကြောင်းသိရသည်။ကာ့ဒ်များက ရေနံကြွယ်ဝသော ကယ်ကွတ်ဒေသကို၎င်းတို့၏ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်းထည့်သွင်းရန် လိုလားကြသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***



# အကြမ်းဖက် အဖျက်သမားအန္တရာယ် ပြည်သူ့အားနဲ့ ဝိုင်းဝန်းပူးပေါင်းကာကွယ် (၂)

**ယမန်နေ့မှအဆက်**

၁၉၆၇ ခုနှစ်မှာ KNU တွေဟာ ဧရာဝတီတိုင်း လပွတ္တာမြို့နယ်က အိမ်ခြေ ၈၀၀ ကျော်ရှိတဲ့ ရွှေပြည်သာရွာကြီးကို မီးရှို့ဖျက်ဆီးခဲ့ကြပါတယ်။ သာပေါင်းမြို့နယ်မှာရှိတဲ့ ကြက်သွန်ခင်းနဲ့ ကြို့ကုန်းကျေးရွာတွေကိုလည်း ပြာပုံအတိဖြစ်အောင် မီးရှို့ဖျက်ဆီးခဲ့ကြပါတယ်။ ၁၉၈၅ ခုနှစ်မှာတော့ ကျွဲပွဲနဲ့ ညောင်ခြေထောက်ကြား မိုင်တိုင် ၁၂၇ အနီးမှာ ရန်ကုန်-မန္တလေး အဆန်ရထားကို မိုင်းခွဲတိုက်ခိုက်ခဲ့လို့ ရဟန်းရှင်လူ ပြည်သူ ၇၆ ဦး သေဆုံးပြီး ၁၂၂ ဦး ဒဏ်ရာရရှိခဲ့ပြန်ပါတယ်။ သူတို့ဟာ လူမျိုးရေးမုန်းတီးမှုကြောင့် လူပေါင်းများစွာကို အစုလိုက်အပြုံလိုက် သတ်ဖြတ်ကြရာကနေ နောက်ပိုင်းမှာတော့ လူမျိုးရေးမုန်းတီးမှုကြောင့်လည်းမဟုတ်၊ နိုင်ငံရေးကြောင့်လည်းမဟုတ်ဘဲ တမင်သက်သက် သွေးဆာနေတဲ့ အပြုအမူတွေနဲ့ အစုလိုက် အပြုံလိုက် သတ်ဖြတ်မှုတွေ လုပ်လာခဲ့ကြတာ အထင်အရှားပါပဲ။

ဒါ့အပြင် KNU သောင်းကျန်းသူ ခေါင်းဆောင်အချို့ဟာလည်း လူသတ်၊ ဓားပြတိုက်၊ မုဒိမ်းကျင့်ရာမှာ နာမည်ဆိုးနဲ့ ကျော်ကြားခဲ့ကြတယ်။ ၁၉၅၃ ခုနှစ် နိုဝင်ဘာလ ၂၂ ရက်နေ့က ကရင်သောင်းကျန်းသူ ဗိုလ်ရာကျော်နဲ့အဖွဲ့ဟာ စစ်တောင်းက ထွက်ခွာလာတဲ့ လူစီးရထားကို နောင်ကုလားရွာအနီးမှာ မိုင်းခွဲတိုက်ခိုက်ပြီး ခရီးသည်တွေဆီက ပါသမျှပစ္စည်းအားလုံး လုယက်ယူငင်ခဲ့ကြပါတယ်။ ယောကျ်ား၊ မိန်းမ ၅၀ ခန့်ကို ပြန်ပေးဆွဲပြီး ငွေနဲ့လိုက်ရွေးတဲ့ ယောကျ်ားတွေကို ပြန်လွှတ်ပေးတယ်။ ငွေနဲ့လိုက်ရွေးတဲ့ အမျိုးသမီးတွေကိုတော့ မုဒိမ်းကျင့်ပြီးမှ ပြန်လွှတ်ပေးခဲ့တယ်။ ငွေပေးပြီး မရွေးနိုင်တဲ့ ယောကျ်ားအားလုံးကို သတ်ပစ်ခဲ့ပြီး ငွေပေးပြီး မရွေးနိုင်တဲ့ အမျိုးသမီးအားလုံးကိုတော့ အစုလိုက် အပြုံလိုက် မုဒိမ်းကျင့်ပြီးမှ သတ်ပစ်ခဲ့ကြပါတယ်။

အလားတူ KNU သောင်းကျန်းသူ လင်းထင်၊ ဆလန်၊ ဖားလူကျော်တို့ဟာ အဓမ္မပြုကျင့်တဲ့ကိစ္စကို ထမင်းစား ရေသောက်သဘောထားပြီး ကျူးလွန်ခဲ့ကြတယ်လို့ သိရပါတယ်။ အဲဒီလို အဓမ္မကျူးလွန်ရုံတင်မကဘဲ၊ လင်းထင်က တရားဝင် မိန်းမ ၄၅ ယောက်ယူခဲ့တယ်လို့ ဆိုပါတယ်။ ဆလန်က မိန်းမ ၁၂၀ ကျော်၊ သူ့ထက်ကဲ ဖားလူကျော်ကတော့ မိန်းမ ၁၅၀ ကျော်ယူခဲ့ပါတယ်။ KNU တွေ အဓမ္မပြုကျင့်စော်ကားခဲ့လို့ ဗမာ၊ ကရင်၊ မွန် တိုင်းရင်းသူ ထောင်ပေါင်းများစွာ ဘဝပျက်ခဲ့ရတယ်။ မြစ်ဝကျွန်းပေါ် KNU ပြောက်ကျားတပ်ရင်း(၃)က ဗိုလ်သန်းရှိန်ဆိုတာလည်း အမျိုးသမီးတွေကို ဖျက်ဆီးတဲ့နေရာမှာ သိပ်ကိုနာမည်ကြီးခဲ့တယ်လို့ ဆိုပါတယ်။ သူ့မယားလိုချင် သူ့လင်လုံ့နဲ့ထိုးဆိုတဲ့ စကားအတိုင်း တကယ်ကျင့်သုံးခဲ့တဲ့ လူဆိုးဗိုလ်တစ်ဦးပါပဲ။ KNU ကျူးလွန်ခဲ့သမျှ Licensed to Rape ကိစ္စ အိတ်သွန်ဖာမှောက်ပြောရမယ်ဆိုရင် ရက်နဲ့ချီပြီးကြာမှာ အသေအချာပါပဲ။ တိုင်းရင်းသူ အမျိုးသမီးလေးတွေဘက်ကကြည့်ရင် တကယ်ကိုခံပြင်းစရာ ကောင်းလွန်းလှပါတယ်။

KNU တွေက လူမဆန်တဲ့ အကြမ်းဖက်လုပ်ရပ်တွေနဲ့ အစဉ်အဆက် ယဉ်ပါးခဲ့သူများပီပီ ကမ္ဘာပေါ်မှာ ပထမဦးဆုံးသော လေယာဉ်အပိုင်စီးနင်းမှုကို အကြမ်းဖက်ဝါဒရဲ့ လမ်းပြရှေ့ဆောင်အဖြစ် ကျူးလွန်ခဲ့ကြဖူးပါသေးတယ်။ ၁၉၅၄ ခုနှစ် ဇွန်လ ၂၅ ရက်နေ့မှာ ရန်ကုန်-ကျောက်ဖြူ-စစ်တွေခရီးစဉ် မြန်မာ့လေကြောင်းပိုင် ခရီးသည်တင် ဒါကိုတာလေယာဉ်ကို KNU တွေက အပိုင်စီးခဲ့ကြတာ မမေ့နိုင်စရာ မှတ်တမ်းဝင်ဖြစ်ရပ်ပါပဲ။ ဒါ့အပြင် ၁၀-၁-၁၉၈၈ ရက်နေ့က မန္တလေး-ရန်ကုန်အစုန် အမြန်ရထားကို ရန်ကုန်ဘူတာကြီးအဝင်မှာ ချိန်ကိုက်ဗုံးထောင်ဖောက်ခွဲမှု၊ ၁၉၈၈ ခုနှစ် မတ်လမှာ ကျိုက်ထီးရိုးဘုရားရင်ပြင်တော်ကို ဝင်ရောက်ပစ်ခတ်တိုက်ခိုက်ဖျက်ဆီးမှု၊ ၁၀-၅-၁၉၈၉ရက်နေ့မှာ အလံတစ်ရာဆရာတော်ကြီးရဲ့ ပုံတူရုပ်တုကို သယ်ဆောင်ဖို့ သထုံ-ဘားအံ-လှိုင်းဘွဲ့ ခရီးစဉ်အတိုင်းလာတဲ့ သာသနာပြုယာဉ်တန်းကို ကြာအင်းကျေးရွာအနားမှာ မိုင်းထောင်ဖောက်ခွဲတိုက်ခိုက်ပြီး မော်တော်ယာဉ်တွေကို မီးရှို့ဖျက်ဆီးခဲ့မှု၊ ၃-၂-၁၉၉၁ ရက်နေ့မှာ ထားဝယ်ကနေ သရက်ချောင်းကို ကြွချီလာတဲ့ မင်းကွန်းဆရာတော်ဘုရားကြီး ဦးဝိစိတ္တသာရာဘိဝံသ အမှူးပြုတဲ့ သာသနာပြုယာဉ်တန်းကို စောင့်ကြိုပြီး မိုင်းခွဲတိုက်ခိုက်လုပ်ကြံမှု စသဖြင့် ပြောမဆုံးနိုင်အောင် ပက်ပက်စက်စက် ကျူးလွန်ခဲ့ကြပါတယ်။

**လွဲမှားတဲ့လမ်းကြောင်းပေါ်မှာ ကရင်ပြည်နယ်ဖွံ့ဖြိုးရေး၊ကရင်လူထုကောင်းစားရေးဆိုတာတွေကို ပါးစပ်က အမြုပ်ထွက်မတတ်ကြွေးကြော်နေပေမယ့် လက်တွေ့မှာတော့ KNU ဟာ စစ်ဘုရင်ဝါဒနဲ့ တစ်ဗိုလ်တစ်မင်းကျင့်သုံးပြီး ကရင်အပါအဝင် ဒေသခံလူထုတွေကို ငြိုးသူ ရန်ဘက်ပမာ ရက်ရက်စက်စက် ပြုကျင့်ဗိုလ်ကျခဲ့ကြပါတယ်။ ဒါတွေကြောင့်လည်း KNU ဟာ ဒေသခံလူထုရဲ့ ထောက်ခံမှုလုံးဝဆုံးရှုံးပြီး မြစ်ဝကျွန်းပေါ်ဒေသက ခွေးပြေးဝက်ပြေး ပြေးခဲ့ရပါတယ်။ ကရင်အပါအဝင်ဒေသခံပြည်သူတွေက၁၉၆၉၊၁၉၇၀၊ ၁၉၇၁ သုံးနှစ်အတွင်းမှာ တပ်မတော်နဲ့ပူးပေါင်းပြီး ရွှေလင်းယုန်၊ မိုးဟိန်း၊ သိလ္လာစတဲ့ စစ်ဆင်ရေးကြီးတွေဆင်နွှဲခဲ့ကြပါတယ်။ ပြည်သူတွေ ကိုယ်တိုင်ပါဝင်တဲ့ ပြည်သူ့ စစ်မဟာဗျူဟာနဲ့ ဖြတ်လေးဖြတ်နည်းဗျူဟာတွေကြောင့် KNU တွေဟာ မြစ်ဝကျွန်းပေါ်ဒေသကို စွန့်လွှတ်ပြီး တစ်ဖက်နိုင်ငံ နယ်စပ်ကို ရောက်သွားခဲ့ရတာပါ။**

## လူသစ်

အဲဒီကိုရောက်ပြန်တော့လည်း ပါးစပ်ကသာ ကရင်လူထုကောင်းစားရေး ကြွေးကြော်နေပေမယ့် လက်တွေ့မှာတော့ နယ်စပ်တစ်လျှောက်မှာ အခိုင်အမာ စခန်းကြီးတွေဆောက်ပြီး ဗိုလ်ကျမင်းမူဖို့ ကြိုးစားခဲ့ကြပြန်တယ်။ ကိုယ့်ပြည်နယ်၊ ကိုယ့်လူမျိုး ကောင်းစားရေးအတွက် ဘာတစ်ခုမှ လုပ်မပေးနိုင်ခဲ့ပေမယ့် သိတဲ့အတိုင်း ကျေးရွာတွေမှာ ဆက်ကြေးတောင်းတယ်။ အခွန်ကောက်တယ်။ တစ်ဖက်က ကျောက်မျက်နဲ့ ကျွန်းသစ်တွေ ခိုးထုတ်ရောင်းစားတယ်။ နိုင်ငံခြားငွေရရှိဖို့ ဒုက္ခသည်စခန်းတွေကို အယောင်ပြပြီး ငွေတောင်းတယ်။ နိုင်ငံကြီးတွေရဲ့ ပေးစာကမ်းစာ၊ ထောက်ပံ့စာယူပြီးတော့ ပြည်ပသြဇာခံဘဝ ကျရောက်ခဲ့ရတယ်။ KNU ဟာ ကရင်ပြည်နယ်ကို ချစ်သလား၊ ကရင်လူထုကို ချစ်သလားလို့ မေးနေစရာတောင် မလိုတော့ပါဘူး။

တစ်ဖက်ကိုပြန်ကြည့်ရင် တပ်မတော်အစိုးရကတော့ နှစ်ပေါင်း ၄၀ ကြာ ပြည်တွင်းသောင်းကျန်းမှု ချုပ်ငြိမ်းပြီး အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး တည်ဆောက်နိုင်ဖို့အတွက် အစွမ်းကုန်ကြိုးစားခဲ့တာ အထင်အရှားပါပဲ။ ဒါကြောင့် အဲဒီအချိန်တုန်းက တပ်မတော်ဟာ စစ်ရေးအရ အသာစီးရနေပေမယ့် အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေးကို ဖော်ဆောင်လိုတဲ့ စေတနာအရင်းခံနဲ့ ၂၈-၄-၁၉၉၂ ရက်နေ့မှာKNU ကို ထိုးစစ်ဆင်မှု ရပ်ဆိုင်းကြောင်း ကြေညာပြီး ကရင်ပြည်နယ်အပါအဝင် တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ စစ်ဆင်ရေးများ တစ်ဖက်သတ်ရပ်ဆိုင်းပေးခဲ့ပါတယ်။ ဒါကြောင့် တပ်မတော်ရဲ့ စိတ်ရင်းစေတနာမှန်နဲ့ ငြိမ်းချမ်းရေး ဖိတ်ခေါ်ကမ်းလှမ်းမှုကို လက်ခံယုံကြည်ပြီး လူမျိုးစွဲ၊ ဝါဒစွဲ ပြည်ပအစွဲကင်းတဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ၁၇ ဖွဲ့နဲ့ အခြားအဖွဲ့ငယ်များဟာ ဥပဒေဘောင်အတွင်း ဝင်ရောက်ခဲ့ကြပြီးဖြစ်ပါတယ်။

**ပြည်ပစွဲ၊လူမျိုးစွဲတွေကြောင့်လက်နက်ကိုင်လမ်းစဉ်ကိုမစွန့်လွှတ်သေးတဲ့ သောင်းကျန်းသူဆိုလို့ KNU လက်ကျန်အဖွဲ့၊ KNPP ပြန်ဝင်အဖွဲ့နဲ့ SSA-S ရှက်ဆစ်အဖွဲ့တို့လောက်ပဲ ကျန်ပါတော့တယ်။ ဒီအဖွဲ့တွေကလဲ ပြည်တွင်းမှာ ရပ်တည်နိုင်စွမ်းမရှိတော့လို့ အိမ်နီးချင်းနိုင်ငံ နယ်စပ်တစ်လျှောက်မှာ ခိုကပ်နေရတဲ့ဘဝရောက်နေပါပြီ။ အထူးသဖြင့် တစ်ဖက်နိုင်ငံမှာ ဒုက္ခသည်စခန်းလို့ အမည်ခံထားတဲ့ စခန်းတွေမှာ အခြေပြုနေထိုင်ပြီး ကျွန်တော်တို့ဘက်ကိုတော့ ပြောက်ကျားစနစ်နဲ့ တစ်ခါတစ်ခါ ဝင်ရောက်နှောင့်ယှက်နေကြပါတယ်။ တစ်နိုင်ငံလုံးမှာ အဲ့ဒီ သောင်းကျန်းသူတွေနဲ့ ဆက်စပ်နေတဲ့ နယ်စပ်ဒေသ အနည်းအကျဉ်းလောက်ပဲ မတည်ငြိမ်၊ မဖွံ့ဖြိုး၊ မတိုးတက်ဘဲ ကျန်ရစ်ခဲ့တာဆိုတော့ အဲဒီဒေသခံ လူထုက ဒီသောင်းကျန်းသူတွေကို စိတ်နာမယ်ဆိုရင်လည်း ပြင်းပြင်းထန်ထန်ကြီးကို နာသင့်ပါတယ်။**

မှတ်တမ်းများအရ KNU ဟာ ၁၉၉၅ ခုနှစ်ကစပြီး တပ်မတော်နဲ့ အလွတ်သဘော သုံးကြိမ်ဆွေးနွေးခဲ့ပါတယ်။ တရားဝင် လေးကြိမ်ဆွေးနွေးခဲ့ပါတယ်။ ဒါပေမယ့် သူတို့ဘက်က နဂိုမူလကတည်းက ကောက်နေတဲ့အကောက်ကို လျှော့မပေးနိုင်လေတော့ တွင်းဝင်မဖြောင့်ခဲ့ဘူးဆိုရမှာပါပဲ။ ဒါပေမယ့်လည်း KNU ကနေ ခွဲထွက်ပြီး တစ်ဖွဲ့ချင်း တရားဥပဒေဘောင်အတွင်း ဝင်ရောက်လာခဲ့ကြတာ အခုဆိုရင် အစုအဖွဲ့ပေါင်း ခြောက်ဖွဲ့တောင်ရှိခဲ့ပါပြီ။ ဒါကိုတောင် လက်ကျန် KNU တွေက အခဲမကျေနိုင်လေတော့ ငြိမ်းချမ်းရေးအဖွဲ့တွေ၊ ငြိမ်းချမ်းရေးတည်ဆောက်ခဲ့တဲ့အဖွဲ့တွေကို အလွတ်မပေးဘဲ ချောင်းမြောင်း လုပ်ကြံတိုက်ခိုက်တာတွေရှိခဲ့ပါသေးတယ်။ ဦးစောသမူဟဲတို့ ဟောင်သရောဒေသဆိုရင် ငြိမ်းချမ်းရေးယူပြီးမှ KNU တွေ လာပစ်တာ အကြိမ်ပေါင်း (၂၂)ကြိမ်တောင်ရှိခဲ့ပါတယ်။ KNU တပ်ရင်း (၈) ကြည်လင်း ခေါင်းဆောင်တဲ့အဖွဲ့တွေ လာပစ်ကြတော့ ဦးစောသမူဟဲရဲ့ သမီးနှစ်ယောက်၊ မြေးနှစ်ယောက်နဲ့ ယောက်ဖ ကျောင်းဆရာအငြိမ်းစား တစ်ယောက်ဆုံးသွားခဲ့ပါတယ်။ သမီးအငယ်ဆုံးက ကျည်သင့်ပြီး လက်တစ်ဖက်ဖြတ်ခဲ့ရတယ်။ နောက်ပိုင်းကျတော့ ကြည်လင်းလည်း သူ့အကုသိုလ်နဲ့သူပြန်ပြီး အသတ်ခံရတာပါပဲ။ DKBA ဆိုရင်လည်း သူတို့ဘက်သားမဟုတ်လေတော့ DKBA ရဲ့ယာဉ်တန်းကို ချောင်းပစ်ရတာနဲ့၊ ချုံခိုတိုက်ရတာနဲ့ ကိုယ့်တိုင်းရင်းသားအချင်းချင်းတောင် အငြိုးအတေးကြီးကြီးနဲ့ ရက်ရက်စက်စက် လုပ်ရက်ခဲ့ကြပါတယ်။ ဒါ့အပြင် ဥပဒေဘောင်အတွင်းဝင်ရောက်ဖို့ ကြိုးစားတဲ့အဖွဲ့တွေကိုလည်း ဥပဒေဘောင်အတွင်း မဝင်ဖြစ်အောင် ပြည်ပနဲ့ပေါင်းပြီး နည်းအမျိုးမျိုးနဲ့ လုပ်ခဲ့ကြတာတွေ အများကြီးရှိခဲ့ပါတယ်။ တကယ်ကိုပဲ ကလိမ်ကကျစ်နည်းတွေ သုံးပြီး သူတို့ရပ်တည်မှုခိုင်မာအောင် ကျားကန်ကြိုးစားနေပေမယ့် ဒီနေ့ KNU ဆိုတာ လက်ကျန်အင်အား အတော့်ကိုနည်းနေပါပြီ။

KNU **အင်အားနည်းသည်ဖြစ်စေ၊ များသည်ဖြစ်စေတပ်မတော်အစိုးရဘက်ကတော့ ငြိမ်းချမ်းရေးတံခါးကို ဖွင့်မြဲဖွင့်ထားလျက်ပါ။ နိုင်ငံတော်နဲ့** KNU **တို့ရဲ့ ငြိမ်းချမ်းရေးတည်ဆောက်မှုဟာ ကနဦးအကြိမ်တွေမှာအောင်မြင်လုနီးပါးအဆင့်ကိုရောက်ခဲ့ပေမယ့် မြန်မာနိုင်ငံ တည်ငြိမ်အေးချမ်းသွားရင် မြန်မာနိုင်ငံကို ကစားဖို့ ခုတုံးလုပ်စရာ လက်ကိုင်တုတ်မရှိတော့မှာ စိုးရိမ်တဲ့ အနောက်ဆရာကြီးတွေက ဝင်ရောက်စွက်ဖက် နှောင့်ယှက်နေတာနဲ့ပဲ အောင်မြင်ပြီးမြောက်တဲ့အဆင့်ကို ဘယ်လိုမှ မရောက်နိုင်ခဲ့တာ အားလုံးအတွက် တကယ်ကို စိတ်မကောင်း စရာပါပဲ။**

အခုချိန်မှာ မြန်မာနိုင်ငံရဲ့ နယ်စပ်တစ်လျှောက် သောင်းကျန်းသူစခန်းဆိုလို့ တစ်ခုမှုမရှိတော့ပါဘူး။ တပ်မတော်အနေနဲ့ နယ်မြေလုံခြုံရေးနဲ့ ကာကွယ်ရေးအတွက် နယ်စပ်တစ်လျှောက် စခန်းထိုင်ပြီး စောင့်ကြပ်နေနိုင်တဲ့ အခြေအနေ ရောက်နေပါပြီ။ ဒီလိုအခြေအနေမှာ KNU က ခိုးကြောင်ခိုးဝှက်ဝင်လာပြီး ရထားလမ်း၊ ကားလမ်းနဲ့ မြို့ရွာတွေအတွင်း အကြမ်းဖက်ဖောက်ခွဲဖျက်ဆီးမှုတွေ အပါအဝင် အဖျက်အမှောင့်လုပ်ငန်းတွေ၊ မိုင်းထောင်တာတွေပဲ လုပ်နိုင်ပါတော့တယ်။ ဘာပဲဖြစ်ဖြစ် KNU ဒီလောက်အထိ သက်ဆိုးရှည်နေရတာဟာလည်း သူတို့ကိုးကွယ်နေတဲ့ အနောက်ဆရာကြီးတွေနဲ့ လက်ပါးစေတွေက KNU လက်ကျန်တွေကို သွေးထိုးမြှောက်ပင့် ပံ့ပိုးကူညီနေတာတွေ၊ ဒုက္ခသည်အမည်ခံထားတဲ့ KNU စခန်းတွေကို တစ်ဖက်နိုင်ငံက လက်ခံခွင့်ပြုထားတာတွေကြောင့်ဆိုတာ ထင်ရှားနေတာပါပဲ။ ဒါ့အပြင် မီးရှို့၊ လူသတ်၊ လုယက်၊ မုဒိမ်းကျင့်၊ လူကုန်ကူးစတဲ့ အကြမ်းဖက်ရာဇဝတ်မှုတွေကို ဒီနေ့ထက်ထိ အတောမသတ်အောင် ကျူးလွန်နေတဲ့ KNU လက်ကျန်အုပ်စုကို အနောက်ဆရာကြီးတွေက ကရင်တိုင်းရင်းသားအားလုံးက ထောက်ခံနေတဲ့ အဖွဲ့ဖြစ်သယောင်ယောင်၊ ကရင်တိုင်းရင်းသားအားလုံးကို ကိုယ်စားပြုနေတဲ့အဖွဲ့ ဖြစ်သယောင်ယောင် အမွှမ်းတင် ပြောဆို အသံလွှင့်ဝါဒဖြန့် ကူညီပံ့ပိုးနေတာတွေဟာလည်း သူတို့သက်ဆိုးရှည်ရခြင်းရဲ့ အကြောင်းရင်းတွေပါပဲ။

လက်ရှိအခြေအနေကို ဆန်းစစ်ကြည့်ရင် တစ်တိုင်းပြည်လုံးမှာ ရှိတဲ့ ကရင်တိုင်းရင်းသားဦးရေက သုံးသန်းခွဲခန့်ရှိလေတော့ KNU လက်ကျန်အင်အားကတော့ ရာဂဏန်းစွန်းစွန်း ထောင်ဂဏန်းအနည်းငယ်လောက်သာရှိတာဖြစ်ပါတယ်။

**စာမျက်နှာ ၇ ကော်လံ ၁ သို့ ☆**

KNU **အင်အားနည်းသည်ဖြစ်စေ၊ များသည်ဖြစ်စေ တပ်မတော်အစိုးရဘက်ကတော့ ငြိမ်းချမ်းရေးတံခါးကို ဖွင့်မြဲဖွင့်ထားလျက်ပါ။ နိုင်ငံတော်နှင့်** KNU **တို့ရဲ့ ငြိမ်းချမ်းရေး တည်ဆောက်မှုဟာ ကနဦး အကြိမ်တွေမှာ အောင်မြင်လု နီးပါးအဆင့်ကိုရောက်ခဲ့ပေမယ့် မြန်မာနိုင်ငံ တည်ငြိမ်အေးချမ်းသွားရင် မြန်မာနိုင်ငံကိုကစားဖို့ ခုတုံးလုပ်စရာ လက်ကိုင်တုတ်မရှိတော့မှာစိုးရိမ်တဲ့ အနောက်ဆရာကြီးတွေက ဝင်ရောက်စွက်ဖက်နှောင့်ယှက်နေတာနဲ့ပဲ အောင်မြင်ပြီးမြောက်တဲ့ အဆင့်ကို ဘယ်လိုမှ မရောက်နိုင်ခဲ့တာ အားလုံးအတွက် တကယ်ကို စိတ်မကောင်း စရာပါပဲ။**

## တရားရုံးချုပ်ရှေ့နေအသိအမှတ်ပြုလက်မှတ်ပေးအပ်

**ရန်ကုန် စက်တင်ဘာ ၂၂**

တရားရုံးချုပ်ရှေ့နေ အသိအမှတ်ပြုလက်မှတ်ပေးအပ်ပွဲ အခမ်းအနားကို ယမန်နေ့တွင် တရားရုံးချုပ်(မန္တလေး) သင်တန်းခန်းမ၌ ကျင်းပရာ အခမ်းအနားသို့ တရားရုံးချုပ်(မန္တလေး)မှ ဒုတိယတရားသူကြီးချုပ် ဦးခင်မောင်လတ်နှင့် တရားရုံးချုပ် တရားသူကြီးများ၊ ညွှန်ကြားရေးမှူးများ၊ ရှေ့နေချုပ်ရုံး ညွှန်ကြားရေးမှူး၊ မန္တလေးတိုင်း တရားသူကြီး၊ တရားရေး အရာရှိများ၊ ဖိတ်ကြားထားသည့် တရားရုံးချုပ် ရှေ့နေများနှင့် တရားရုံးချုပ်ရှေ့နေ အသိအမှတ်ပြု လက်မှတ်ရယူမည့်ပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

အစီအစဉ်အရ ဒုတိယ တရားသူကြီးချုပ် ဦးခင်မောင်လတ်က အဖွင့်အမှာစကား ပြောကြားပြီး ဒုတိယတရားသူကြီးချုပ်နှင့် တရားရုံးချုပ် တရားသူကြီးများက တရားရုံးချုပ်ရှေ့နေ အသိအမှတ်ပြု လက်မှတ်ရရှိသူ ၂၉ ဦးကို အသိအမှတ်ပြု လက်မှတ်များ ပေးအပ်ခဲ့သည်။

**(ဝဲပုံ)**

တရားရုံးချုပ်ရှေ့နေ အသိအမှတ်ပြု လက်မှတ်ရရှိသူများက ကတိသစ္စာပြုကြပြီး ၎င်းတို့ကိုယ်စား တရားရုံးချုပ်ရှေ့နေ ဦးအုန်းသန်းက ကျေးဇူးတင်စကားပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။

(ကြေးမုံ)




## လူမှုဘဝဆိုင်ရာအတွေးအမြင် ဆောင်းပါးများစာအုပ် ထုတ်ဝေဖြန့်ချီ

**ရန်ကုန် စက်တင်ဘာ ၂၂**

အေးဖြူရေးသားသည့် လူမှုဘဝဆိုင်ရာအတွေးအမြင် ဆောင်းပါးများစာအုပ်ကိုချိုတေးသံစာပေမှ ထုတ်ဝေဖြန့်ချိလိုက်သည်။ **(ယာပုံ)**




အဆိုပါစာအုပ်တွင် သက်ဆိုင်သူသို့၊ အကောင်းမြင်ဝါဒ၊ အချိန်တန်ဖိုးတို့မြတ်နိုး၊ကံဆိုးကံကောင်း၊အပြောင်းအလဲတွေထဲက မပြောင်းလဲတဲ့အကြောင်းအရာ၊ အလုပ်ခွင်အတွက် မရှိမဖြစ် အသင်းစိတ်ဓာတ်၊ မသိတာကို သိအောင်လုပ် မောင်းထုတ်အန္တရာယ်၊ ကလေးတို့အမေး ဖြေပါမနှေး၊ ဆယ်ကျော်သက်တို့ လိမ္မာဖို့အရေး၊ အတောင်စုံ၍ ပြန်တော့မည့် ငှက်များသို့၊ အမျိုးသမီးစွမ်းပကားမြင့်မြင့်မား၊ ကျန်းမာရေးအသိနှင့်လူများ၏ အမူအကျင့်၊ စိတ်နှလုံးအေးချမ်းစေဖို့၊ ပျော်ရွှင်ချမ်းမြေ့မှုဆိုတာနှင့် နေညိုချိန် ဘဝလှစေဖို့ဟူသည့် ဆောင်းပါး ၁၅ပုဒ် ပါရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

☆ **စာမျက်နှာ ၆ ဆောင်းပါးမှအဆက်**

ဒါကြောင့် လက်တစ်ဆုပ်စာ KNU ဟာ ကရင် တိုင်းရင်းသားထုကို ဘယ်လိုမှ ကိုယ်စားပြုနိုင်ခြင်း မရှိသလို ကရင်တိုင်းရင်းသားတွေကလည်း KNU ဆိုတာကို ဖုတ်လေတဲ့ငါးပိ ရှိတယ်လို့တောင် မမှတ်ကြတော့ပါဘူး။ KNU က သပ်သပ်၊ ကရင်တိုင်းရင်းသားက သပ်သပ် ရပ်တည်မှု တခြားစီ ဖြစ်နေပါပြီ။

ကျောက်ကြီးမြို့ ဗီဒီယိုရုံ မိုင်းပေါက်ကွဲမှုနဲ့ ပတ်သက်ပြီး KNU က ဒီကိစ္စဟာ သူတို့ရဲ့ လက်ချက်မဟုတ်ဘူးဆိုပြီး KNU နိုင်ငံခြားရေးတာဝန်ခံ ဖဒိုစောဒေးဗစ်ထောက တွင်တွင်ကြီးငြင်းနေတဲ့ နောက်ဆက်တွဲ သတင်းကိုလည်း ကြားမိပါသေးတယ်။ ဒီလို နိုင်လိုမင်းထက် စွပ်စွဲတာဟာ KNU ရဲ့ နိုင်ငံရေးသိက္ခာချဖို့ လုပ်နေတာပါဆိုပြီး ကုန်းကောက်စရာမရှိတဲ့ သိက္ခာကို အိုးမလုံ အုံပွင့်တဲ့စကားနဲ့ ကြိုးစားပမ်းစား ကာကွယ်သွားရှာပါတယ်။ တကယ်တော့ ဆင်ကြီးတစ်ကောင်လုံးတွေ့နေမှ ဆင်ခြေရာရှာဖို့ မလိုတော့ပါဘူး။ သမိုင်းကြောင်းအရလည်း တစ်စက်ကလေးမှ ကောင်းကွက်ရှိခဲ့တာ မဟုတ်ပါဘူး။ စပေါ်လာကတည်းက ဗီဇကမမှန်၊ ဝါဒရေးလမ်းစဉ်က တလွဲ၊ အတွေးအခေါ်က တစ်ယူသန် တစ်ဇောက်ကန်း၊ လုပ်ရပ်က ယုတ်မာရက်စက်၊ ကြမ်းကြုတ်မှုမှာ သရဖူဆောင်းနေတဲ့ KNU က အခုမှ ဒါမဟုတ်ပါဘူးလို့ ငြင်းနေလို့ ဘယ်သူက ယုံကြည်မလဲ။ KNU ဘာလဲ၊ ဘယ်လဲဆိုတာ ကျွန်တော်တို့ ပြည်သူက နောကျေနေပါပြီ။

ဘာပဲဖြစ်ဖြစ် အမှားကို အမှားမှန်းမသိဘဲ ဆက်မိုက်နေရင်တော့ အမှန်တရားနဲ့ ဝေးသထက်ဝေးတော့မှာပါပဲ။ အခုလဲ KNU အကြွင်းအကျန်တွေဟာ တစ်ဖက်နိုင်ငံနယ်စပ်မှာ ဒုက္ခသည်စခန်း အမည်ခံပြီး အခြေပြုနေကြဆဲဖြစ်ပါတယ်။ အဲဒီ ဒုက္ခသည်စခန်းကနေပဲ ပြောက်ကျားနည်းနဲ့ ကျွန်တော်တို့နိုင်ငံ နယ်စပ်ကို မကြာခဏ ပြန်ခိုးဝင်ပြီး အခုလို နှောင့်ယှက်တိုက်ခိုက်မှုတွေ လုပ်နေကြတုန်းပါပဲ။ တပ်မတော်အစိုးရက ဒီလက်ကျန်အုပ်စုတွေအတွက် ငြိမ်းချမ်းရေးတံခါးကို ဖွင့်ထားဆဲဖြစ်ပါလျက်နဲ့ သူတို့က ဒီအခွင့်ကောင်းကို အရအမိ ဖမ်းဆုပ်မယူနိုင်ခဲ့တာ စေ့စေ့တွေးကြည့်ရင် စိတ်မကောင်းစရာပါပဲ။

ဘာပဲဖြစ်ဖြစ် ကျွန်တော်တို့ပြည်သူတွေ တည်ငြိမ်အေးချမ်းစွာ၊ ဥပဒေနဲ့အညီ လွတ်လပ်စွာ လုပ်ကိုင်သက်မွေးနေထိုင်ရင်း ညီညီညွတ်ညွတ်နဲ့ ဒီမိုကရေစီပန်းတိုင်ကို အားကြိုးမာန်တက်ချီတက်နေကြတာကို မနာလိုမရှုဆိတ်နိုင်ပဲ ဖျက်လို ဖျက်ဆီးလုပ်ချင်နေသူတွေ ရှိနေတာ အမှန်ပါပဲ။ သူတို့အနေနဲ့ အပြစ်မဲ့ပြည်သူတွေဆိုပြီး လက်ရှောင်ရ ကောင်းမှန်းမသိတာလည်း အထင်အရှားပါပဲ။ ဒါကြောင့် KNU အပါအဝင် အကြမ်းဖက်အဖျက်သမားတွေအနေနဲ့ အခုလို အကြမ်းဖက် ဖောက်ခွဲဖျက်ဆီးမှုတွေ ထပ်ပြီးမလုပ်နိုင်ရအောင် ကျွန်တော်တို့ ပြည်သူများဘက်က မိမိတို့နေထိုင်ရာ၊ အသက်မွေးဝမ်းကျောင်းမှုပြုရာ ကူးသန်းရောင်းဝယ်မှုပြုရာ အဝန်းအဝိုင်းအတွင်းကို ဖောက်ခွဲဖျက်ဆီးရေးသမားတွေ၊ အကြမ်းဖက်အဖျက်သမားတွေ အသွင်အမျိုးမျိုးနဲ့ ထိုးဖောက်ဝင်ရောက်မလာနိုင်အောင် အထူးသတိပြု စောင့်ကြပ် ကြည့်ရှုဖော်ထုတ်ကြဖို့ လိုပါလိမ့်မယ်။ မသင်္ကာဖွယ်ရာ တွေ့ရှိပါကလည်း တာဝန်ရှိသူတွေထံ အချိန်မီသတင်းပေးပို့ခြင်းဖြင့် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားကြဖို့ လိုမှာဖြစ်ပါတယ်။ အဲဒီလို ပြည်သူရဲ့ ပူးပေါင်းကူညီမှုအားနဲ့ ကြိုတင်ဖော်ထုတ်နိုင်မှသာ အပြစ်မဲ့ပြည်သူတွေ ထိခိုက်နစ်နာ ပျက်စီးဆုံးရှုံးမှုများကို ကာကွယ်တားဆီးနိုင်မှာဖြစ်ကြောင်း တိုက်တွန်းနှိုးဆော်လိုက်ရပါတယ်။ ။



**ရောဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ဆွေ ပုသိမ်ခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည် သင်းလုံးကျွတ် အစည်းအဝေး(၂၀၀၈)နှင့် ပညာရည်ချွန်ဆုပေးပွဲတွင် ၂၀၀၈ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ခြောက်ဘာသာဂုဏ်ထူးရရှိခဲ့သည့် မောင်အေးချမ်းကျော်ကျော်အား ဆုချီးမြှင့်စဉ်။**

(သတင်းစဉ်)

## ဗုဒ္ဓဘာသာယဉ်ကျေးမှုသင်တန်းဖွင့်

**ရန်ကုန် စက်တင်ဘာ ၂၂**

ရန်ကုန်အရှေ့ပိုင်းခရိုင် တောင်ဥက္ကလာပမြို့နယ် (၇)ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း တောင်ဥက္ကလာပမြို့နယ်တို့၏ စီစဉ်မှုဖြင့် ဗုဒ္ဓဘာသာယဉ်ကျေးမှု သင်တန်းဖွင့်ပွဲကို စက်တင်ဘာ ၁၄ ရက်က အောင်မင်္ဂလာဓမ္မာရုံ၌ ကျင်းပရာ မြန်မာနိုင်ငံမူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း တောင်ဥက္ကလာပမြို့နယ် ဒုတိယဥက္ကဋ္ဌ သင်တန်းဖြစ်မြောက်ရေး အကျိုးဆောင် တေးသံရှင်ကျော်ကြင်ကုန်းစိုးမြင့်က အဖွင့်အမှာစကား ပြောကြားကြောင်းသိရသည်။ (၆၄)

## ကျေးလက်စာကြည့်တိုက်များ ဖွံ့ဖြိုးရာ မိတ္ထီလာ

**ကိုတင်လှိုင် (မိတ္ထီလာ)**

မိတ္ထီလာမြို့သည် သမိုင်းဝင် စာပေပညာရှင်များ မွေးဖွားရာ ဒေသဖြစ်သည်။ အင်းဝခေတ်က ပညာရှိအမတ်ကြီး ဝန်ဇင်းမင်းရာဇာသည် မိတ္ထီလာဇာတိဖြစ်သည်။ ငယ်စဉ်ကတည်းက စာပေများကို လေ့လာဖတ်ရှုခဲ့သဖြင့် စာတိုင်ညိုဟု အမည်တွင်ခဲ့သည်။ စာပေဗဟုသုတများကို မပြတ်ဆည်းပူးလေ့လာခဲ့သဖြင့် ထွန်းတုံးမှ ထိပ်ဆုံးသို့ စာပေပညာရှင် အမတ်ကြီးအဖြစ် ရောက်ရှိခဲ့သည်။ ယခုခေတ်တွင်လည်း ကဗျာစာဆိုအကျော် ဒေါက်တာ ထီလာစစ်သူ၊ ထီလာစိုးမြင့်ထယ် စသည့် စာပေပညာရှင်များသည်လည်းမိတ္ထီလာသားများပင်ဖြစ်သည်။ ထို့ကြောင့် မိတ္ထီလာမြို့သည် စာပေထွန်းကားရာဒေသ ဖြစ်သည်။

ဤကဲ့သို့ စာပေအစဉ်အလာ ကြီးမားခဲ့သော မိတ္ထီလာခရိုင်တွင် ယခုအခါ စာပေ၏ အခြေခံအုတ်မြစ်ဖြစ်သည့် ကျေးလက် စာကြည့်တိုက်များ တည်ထောင်ဖွင့်လှစ်ရာ၌ တက်တက်ကြွကြွ ပါဝင်ဆောင်ရွက်နေသည်ကို ဝမ်းသာဂုဏ်ယူဖွယ် တွေ့ရသည်။ မိတ္ထီလာခရိုင်တွင် ကျေးလက်စာကြည့်တိုက်များ စတင်တည်ထောင်သည်မှ ယခု ၂၀၀၈ ခုနှစ် ဇူလိုင်လအထိ ကျေးလက်စာကြည့်တိုက်ပေါင်း ၇၁၉ တိုက်အထိ အောင်မြင်စွာ ဖွင့်လှစ်ပြီးဖြစ်နေသည်ကို တွေ့ရသည်။ မန္တလေးတိုင်းအတွင်း ခရိုင် ရှစ်ခရိုင်တွင် မိတ္ထီလာခရိုင်သည် ကျေးလက်စာကြည့်တိုက် အများဆုံးဖွင့်လှစ်နိုင်သည့်ခရိုင်အဖြစ် တွေ့ရသည်။

**မိတ္ထီလာမြို့ အလည်ရွာ ကျေးရွာရှိ ဗိုလ်မှူးကြီး ဘိုးကြင် အထိမ်းအမှတ် သိန်း ၁၀၀ ကျော်တန် ဗိုလ်မှူးကြီး ဘိုးကြင်စာကြည့်တိုက် အားတွေ့ရစဉ်။**



စာကြည့်တိုက်ဆိုသည်မှာပြည်သူလူထုနှင့် ဆက်သွယ်ပေါင်းကူးပေးရာဌာန၊ ပညာဗဟုသုတ ဖြန့်ဖြူးပေးရာဌာန၊ ပညာရှင်များ မွေးထုတ်ရာဌာန၊ တိုင်းပြည်တိုးတက်ဖွံ့ဖြိုးရေးကို အထောက်အကူပြုရာ ဌာနကြီးပင်ဖြစ်သည်။ ထို့ကြောင့် ရပ်ကွက်တိုင်း၊ ကျေးရွာတိုင်း၊ မြို့နယ်တိုင်း၌ စာကြည့်တိုက်များရှိရန် လိုအပ်လှပေသည်။ စာကြည့်တိုက်တွင် စာအုပ်မျိုးစုံရှိသည်။ လူမျိုးမရွေး၊ ဘာသာမရွေး၊ အဆင့်အတန်းမရွေး၊ လူရွယ်၊ လူလတ်၊ လူကြီးအရွယ် သုံးပါး ပညာရှာမှီးရာ ဉာဏ်ပညာ ဘဏ်တိုက်ကြီးဖြစ်သည်။

ယခုအခါ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ ကိုယ့်အားကိုယ်ကိုး ကျေးလက်စာကြည့်တိုက်များ ထူထောင်နေသည်ကိုဝမ်းမြောက်ဖွယ် တွေ့မြင်နေရသည်။ ကျေးလက်စာကြည့်တိုက်များ ပေါ်ပေါက်လာသည့်အတွက် ကျေးလက်ပြည်သူများ၏ ပညာရေး၊ ဗဟုသုတတိုးပွားရေး၊ စာဖတ်သည့် အလေ့အထကောင်းများရရှိရေး၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးများ ဖြစ်ပေါ်လာစေသည်။ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များကို ၂၀၀၃ ခုနှစ်က စတင်တည်ထောင်လာခဲ့ရာ ယခုအခါ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ပေါင်း၅၅၇၅၅ထူထောင်ထားသည်ကို ဝမ်းသာဂုဏ်ယူဖွယ် တွေ့ရသည်။ ထိုကဲ့သို့ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ထူထောင်ရာတွင် နိုင်ငံတော်၏ အား၊ ဒေသခံပြည်သူများ၏ အားနှင့် စေတနာရှင်ပြည်သူများ၏ အားဆိုသည့် အားသုံးအားနှင့် ထူထောင်ခဲ့ခြင်းဖြစ်သည်။

ထူထောင်ပြီး ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ရေရှည်တည်တံ့ရှင်သန်တိုးတက်ရန်အတွက်ကျေးလက်ပြည်သူများ စာဖတ်လာစေရန် စည်းရုံးလှုံ့ဆော်ရေး၊ ရှိပြီးစာအုပ်စာတမ်း စာပေများ ရေရှည်တည်တံ့မပျောက်ပျက်ရန် ထိန်းသိမ်းစောင့်ရှောက်ရေး၊ စာကြည့်တိုက်တွင် လစဉ်ထုတ်၊ အပတ်စဉ်ထုတ် မဂ္ဂဇင်း၊ ဂျာနယ်ဝတ္ထုများ တိုးပွားစေရန် ငွေပဒေသာပင်စိုက်ထူဆောင်ရွက်ရေး၊ စာကြည့်တိုက်များ အခိုင်အမာ အဆောက်အအုံနှင့် ပရိဘောဂများ စုံလင်စွာ ရရှိရေးနှင့် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနက စာကြည့်တိုက် ထိန်းသိမ်းရာတွင် ကျွမ်းကျင်သော စာကြည့်တိုက်မှူးများရရှိရန် လေ့ကျင့်ပျိုးထောင်ရေးတို့အထူးပင်လိုအပ်လှပေသည်။

မိတ္ထီလာခရိုင် လေးမြို့နယ်တွင် ကျေးလက်စာကြည့်တိုက်များထူထောင်ရေးအတွက် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ကူညီပံ့ပိုးမှု၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ဦးဆောင်မှု၊ဒေသခံပြည်သူများ၏ငွေအား၊လူအား၊ မြေအဆောက်အအုံနှင့် ပရိဘောဂလှူဒါန်းမှုများကြောင့် ယခုကဲ့သို့ တစ်ဟုန်ထိုး တိုးတက်ဖွံ့ဖြိုးလာခြင်းဖြစ်သည်။ ။

## နိုင်ငံခြားရေးဝန်ကြီး ဦးဉာဏ်ဝင်း ဆော်ဒီအာရေဗျအမျိုးသားနေ့သဝဏ်လွှာပေးပို့

နေပြည်တော် စက်တင်ဘာ ၂၃

၂၀၀၈ခုနှစ်၊ စက်တင်ဘာ ၂၃ရက်တွင် ကျရောက်သော ဆော်ဒီအာရေဗျနိုင်ငံ၏ အမျိုးသားနေ့၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းထံမှ ဆော်ဒီအာရေဗျနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဆာအု(ဒ်) ဘင် အယ်လ်ဖိုင်ဆယ် ဘင် အဗ္ဗဒူ(လ်) အာဇစ် အယ်လ်ဆာအု(ဒ်)ထံသို့ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

## မြန်မာ့ရုပ်ရှင်နေ့နှင့် (၄၅)ကြိမ်မြောက် ရုပ်ရှင်သက်ကြီး ပူဇော်ကန်တော့ပွဲ ကျင်းပမည်

ရန်ကုန် စက်တင်ဘာ ၂၂

မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးမှ နှစ်စဉ်ကျင်းပမြဲဖြစ်သည့်မြန်မာ့ရုပ်ရှင်နေ့နှင့် (၄၅)ကြိမ်မြောက် ရုပ်ရှင်သက်ကြီးပူဇော်ကန်တော့ပွဲကို အောက်တိုဘာ ၁၃ရက်(တနင်္လာနေ့)တွင် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး၌ ကျင်းပမည်ဖြစ်ရာ သက်ကြီးပူဇော်ပွဲအတွက် အလှူငွေများ၊ လှူဖွယ်ပစ္စည်းများကို အောက်တိုဘာ ၁၀ရက် နောက်ဆုံးထား၍ လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)



## ရွှေဘုန်းပွင့်စေတီတော် ပြန်လည်မွမ်းမံပြင်ဆင်ခြင်း လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်းတက်ရောက်၍ အမှာစကားပြောကြား

ရန်ကုန် စက်တင်ဘာ ၂၂

**ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် ယမန်နေ့ နံနက် ၈နာရီခွဲတွင် ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ်ရှိ ရွှေဘုန်းပွင့်စေတီတော် ဓမ္မာရုံသစ်ကြီး၌ ကျင်းပသည့် ရွှေဘုန်းပွင့်စေတီတော် ပြန်လည်မွမ်းမံပြင်ဆင်ခြင်းလုပ်ငန်း ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်၍ အမှာစကား ပြောကြားသည်။**

အဆိုပါ လုပ်ငန်းညှိနှိုင်း အစည်းအဝေးသို့ သတင်းနှင့်စာနယ်ဇင်း လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးဝင်း၊ မြန်မာ့ရုပ်ရှင်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအောင်မျိုးမြင့်၊ ရွှေဘုန်းပွင့်စေတီတော် ဂေါပကအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက အဖွင့်အမှာစကား ပြောကြားရာ၌ ၂၀၀၈ခုနှစ် မေ ၂ ရက်နှင့် ၃ရက်တို့တွင် တိုက်ခတ်ခဲ့သည့်မုန်တိုင်းကြောင့် စေတီတော်၏ ထီးတော်၊ စိန်ဖူးတော်နှင့် ငှက်မြတ်နားတော်တို့တွင် ကပ်လှူပူဇော်ထားသည့် ရွှေ၊ ငွေ ရတနာပစ္စည်းများ ထိခိုက်ပျက်စီးမှု ရှိနိုင်ကြောင်း၊ မုခ်ဦး၊ မဟာရံတံတိုင်း၊ တန်ဆောင်းစသည့် သာသနိကအဆောက်အအုံများလည်း ပျက်စီးမှု ရှိနိုင်ကြောင်း၊ သို့ဖြစ်၍ ပညာရှင်များအပိုင်းက ပြုပြင်ရန်လို၊မလို လေ့လာသုံးသပ်ပြီး လိုအပ်သည်တို့ကို စနစ်တကျ ပြုပြင်သွားကြရန် ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ရွှေဘုန်းပွင့်စေတီတော် ဂေါပကအဖွဲ့ ဥက္ကဋ္ဌ ဦးတင့်လွင်၊ ပညာရှင်များဖြစ်ကြသည့် ဦးအောင်မြတ်၊ ဦးမိုး၊ ဦးမောင်ကြီးနှင့်တာဝန်ရှိသူများက စေတီတော်၏ ပြန်လည်မွမ်းမံပြင်ဆင်သင့်သည့် အခြေအနေများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် တင်ပြချက်များနှင့်စပ်လျဉ်း၍ လိုအပ်သည်များကို မှာကြားကာ ရွှေဘုန်းပွင့်စေတီတော်အား လှည့်လည်ဖူးမြော်ကြည်ညိုသည်။ (သတင်းစဉ်)

**ပြောကြား**

**ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ရွှေဘုန်းပွင့်စေတီတော် ပြန်လည်မွမ်းမံပြင်ဆင်ခြင်း လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။**

(သတင်းစဉ်)

## ရေးနည်းရေးဟန်ကွဲပြားသော်လည်း စေတနာနှင့်ဆန္ဒ တစ်သားတည်းတူညီသည့် ရိုးရာပန်းချီ

အနုပညာသတင်း-စန်းအိမ်ခြွေ

ဓာတ်ပုံမှတ်တမ်း- သက်ထက်ကို(ဘော်ဂါမြေ)

ပြခန်းအတွင်းသို့စ၍ဝင်လိုက်မိသည်နှင့် ဝါ၊ စိမ်း၊ နီ၊ ပြာရောင်စုံဖြာနေသော ပန်းချီကားများ၏ ဆွဲဆောင်မှုကို ခံလိုက်ရသည်။ ပန်းချီပြပွဲ၏အမည်မှာ Style-2 ဟူ၍ဖြစ်သည်။ တစ်ကားပြီး တစ်ကား မလွှတ်စတမ်းကြည့်ရင်း ဆီဆေး၊ အခရိုင်းလစ်ဖြင့် ရေးဆွဲထားသော ပန်းချီကား ၂၉ကား ပြသထားသည်ကို တွေ့ရသည်။ အငယ်ဆုံး တစ်ပေခွဲ × နှစ်ပေမှသည် အကြီးဆုံး သုံးပေ × လေးပေ အထိ အရွယ်စုံပြသထားသည်။ ထိုအထဲမှ နှစ်ပေ×သုံးပေအရွယ်



နောက်ဆုံးပန်းချီကားသို့ ရောက်သည့်တိုင် ကြည့်မဝနိုင်၍နောက်တစ်ကြိမ် အစမှအဆုံးတိုင် ပြန်ကြည့်မိသည်။

ထို့နောက် သိရှိလိုသည့် ယနေ့မြန်မာပန်းချီလောက အနေအထားကို ဆရာကြီးလှတင်ထွန်း၏အမြင်အား မေးကြည့်ရာ **“ယနေ့ပန်းချီလောကဟာ လူကြီး၊ လူငယ်တွေအားလုံး အရှိန်အဟုန်ကောင်းကောင်းနဲ့ အောင်မြင်နေတဲ့ကာလပါ၊ အခုလိုအချိန်မျိုး မကြုံခဲ့ဖူးသေးပါဘူး”**ဟု ရိုးရိုးရှင်းရှင်းပင် ပြောကြားခဲ့သည်။

တစ်ဖန် ရေးဆွဲထားသော ပန်းချီကားများအား ကြည့်ရှုလေ့လာခံစားကြည့်မိရာ ပြပွဲတွင် ရေဆေး၊

**“ရွှေကျင်ရေချိုးဆိပ်” ပန်းချီကားမှာ ကြည်ဝင်း(Today)၏ စိတ်ကြိုက်လက်ရာကားကောင်းတစ်ချပ်ဖြစ်သည်။**

အခရိုင်းလစ်ဆေးဖြင့် ရေးဆွဲထားသော **‘ဆည်းဆာချိန်’**ဟု အမည်ပေးထားသော ပန်းချီကားကြီးကို မျက်စိကျမိသည်။ တစ်ဖက်ကမ်းပါးယံတောင်စောင်း၊ ဖြူလွလွသဲသောင်ပြင်၊ လှုပ်ရှားနေသော တံငါလှေ၊ ကူးတို့လှေနှင့် ခရီးသည်တို့ကို ဝင်စနေရောင်ခြည်အောက်တွင် အမိအရရိုက်ယူထားသော ဓာတ်ပုံသဖွယ် သရုပ်ဖော်မှုပီပြင်လှသည်။

နောက်ထပ် အကြိုက်တွေ့မိသည့်ပန်းချီကားမှာ **‘ကျောက်တစ်လုံးဘုရားနှင့် ချောင်းသာကမ်းခြေ’** အမည်ရှိ နှစ်ပေ × သုံးပေ အရွယ် ခရိုင်းလစ်ဆေးဖြင့် ခြယ်မှုန်းထားသော ပန်းချီကားပင် ဖြစ်သည်။ နေခြည်ဖျပ်ဖျပ် ရေစပ်စပ်တွင် စိတ်လွတ် ကိုယ်လွတ် ပေ့ါပါးစွာ ရေကစားနေကြသူများ၊ ကျောက်တစ်လုံးတောင်ပေါ် ဝယ် သပ္ပာယ်စွာ တည်ရှိနေသော စေတီငယ်၊ နောက်ခံတိမ်ပြာပြာတို့၏ ငြိမ်းချမ်းမှုတို့ကို ပေါင်းစပ် ဖွဲ့စည်းထားခြင်းကြောင့် ကြည့်ရသူ၏စိတ်သန္တာန်ကို အေးချမ်းမှုပေးစွမ်းနိုင်သော ပန်းချီကားကောင်းတစ်ကားအဖြစ် မြင်တွေ့ရမည်ဖြစ်သည်။

တစ်ချိန်က ရေဆေး ပန်းချီကားများကိုသာ တစိုက်မတ်မတ် ရေးဆွဲပြီး နာမည်ကြီးခဲ့သော ပန်းချီဆရာကြီးတစ်ဦးဖြစ်ရာ **“မန္တလေးမြို့ရိုး”** ဟု အမည်ပေးထားသော ရေဆေးကားမှာ ဟိုးတစ်ချိန်က ကိုယ့်ထီးကိုယ့်နန်းနှင့် ခိုင်ခိုင်မာမာ ရှိခဲ့ပုံကို ဖော်ညွှန်းထားသည့်အတွက် ဂုဏ်ယူစရာတစ်ခုပင် ဖြစ်သည်။ ထို့အပြင် အီတလီ၊ ပြင်သစ်၊ တရုတ်နိုင်ငံများသို့ ပန်းချီခရီးသည်အဖြစ် ရောက်ခဲ့စဉ်က ရေဆေးဖြင့် မှတ်တမ်းတင်ခဲ့သော ပုံများအား ယခုတစ်ဖန် အခရိုင်းလစ်ဆေးဖြင့် ပြန်လည်အသက်သွင်းထားသည်မှာ တစ်မျိုးတစ်ဘာသာ ကြည့်ကောင်းလှပါသည်။

ရိုးရာပန်းပညာရှင်များ အစည်းအရုံး အတွင်းရေးမှူးအဖြစ် များစွာသော အလုပ်တာဝန်များကြားမှ ကားကြီး ၂၀၊ ကားလေး ၁၆ကား ရေးဆွဲ တင်ပြနိုင်သော ပန်းချီဆရာ ကြည်ဝင်း(To Day)၏ ရေးဆွဲမှုအားမှာလည်း အံ့သြဖွယ်ပင်ဖြစ်သည်။ ပန်းချီကား အားလုံးကို အခရိုင်းလစ်ဆေးဖြင့် ရေးဆွဲထားသည်။

**“ရေပေါ်အိမ်”**ဟု အမည်ပေးထားသော တစ်ပေခွဲ×နှစ်ပေ အရွယ် ပန်းချီကားလေးမှာ ဧရာဝတီမြစ်ရိုးရှိ ကျွဲဖောင်းဆိပ်တွင် ဆိုက်ကပ်ထားသော လှေကြီးပေါ်၌ တဲအိမ်ဆောက်၍ နေထိုင်ကြသူများ၏ ဘဝကို သရုပ်မှန်ခြယ်မှုန်းထားခြင်း ဖြစ်သည်။

ကမ်းစပ်မှ စိမ်းမြမြအပင်ငယ်လေးများ၊ ရေစပ်တွင် ဆိုက်ကပ်ထားသော လှေပေါ်က အိမ်၊ ပြာလွဲ့လွဲ့ရေပြင်တို့ကို အသွင်တူ ရေးဖွဲ့ထားမှုကြောင့် ကြည့်သူ၏ ရင်ထဲသို့ နက်ရှိုင်းစွာ ဝင်သွားနိုင်သော ပုံကောင်းတစ်ပုံ ဖြစ်သည်။ အမြင်အာရုံတွင် နောက်ထပ်စွဲကျန်ရစ်သော ပန်းချီကားမှာ **“ရွှေကျင်ရေချိုးဆိပ်”**ဟု အမည်ပေးထားပြီး အမျိုးသမီးငယ်တစ်ဦး ရေချိုးနေသည့် သုံးပေ × လေးပေ အရွယ် ပန်းချီကားကြီးပင်ဖြစ်သည်။

ဝါးဖောင်၏ အရောင်၊ ဆိုက်ကပ်ထားသော လှေငယ်၊ ရွေ့လျားနေသော ကူးတို့လှေ၊ စီးဆင်းနေသော ရွှေကျင်မြစ်တို့ကို တည်ငြိမ်မှုနှင့် လှုပ်ရှားမှု မတူညီသော မြင်ကွင်းကို တစ်ပြိုင်တည်း ရေးခြယ်ထားခြင်း ဖြစ်သည်။

အရောင်၊ အနီးအဝေး၊ အလင်းအမှောင် ဖွဲ့စည်းမှုကို အပိုအလိုမရှိ ရေးစွမ်းနိုင်မှုကြောင့် အများစိတ်ကြိုက်တွေ့မည့် ပန်းချီကားကြီး တစ်ချပ်ပင်ဖြစ်သည်။

ထို့အပြင် ကြီးမားသော ပန်းချီကားကြီးများဖြစ်သည့် ရွှေတိဂုံ၊ ၁၊ ၂။ ကျိုက်ထီးရိုး ၁၊ ၂၊ ၃။ ရေတံခွန် ၁၊ ၂၊ ၃။ နှင့် ပုဂံ၊ အမေ၊ ပေါင်းလောင်းမြစ်၊ တံတားလေး၊ ဘုရင်ညီဂူ၊ ရေပေါ်ကကြာစသော ပန်းချီကားလေး များကလည်း တစ်ကားနှင့် တစ်ကား ကွဲပြားသော ရသကို ပေးစွမ်းနိုင်မည့် ပန်းချီကားကောင်းလေးများ ဖြစ်ကြသည်။

ပြပွဲကို စက်တင်ဘာ ၂၃ ရက်မှ ၂၈ရက်အထိ (တနင်္လာနေ့၊ ဈေးပိတ်ရက်မှအပ)နေ့စဉ် နံနက် ၉နာရီမှ ညနေ ၅နာရီ အထိ ဗိုလ်ချုပ်အောင်ဆန်းဈေး (အရှေ့ဘက်တန်း) မြန်မာနိုင်ငံရိုးရာပန်းပညာရှင်များအစည်းအရုံး (ဗဟို) ပြခန်းကြီး၌ ပြသလျက်ရှိပါကြောင်း အနုပညာသတင်းကောင်းအဖြစ် ဖြန့်ဝေရေးသားလိုက်ရပါသည်။

**ဆည်းဆာချိန် ပန်းချီကား**

**“ဆည်းဆာချိန်”ဟု အမည်ပေးထားသော ပန်းချီကားမှာလည်း ပန်းချီဆရာကြီးလှတင်ထွန်း၏ လက်ရာကောင်းတစ်ခုပင်ဖြစ်သည်။**



# မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း သဘာဝဘေးအန္တရာယ်ဒဏ်ခံ အဆောက်အအုံများ တည်ဆောက်ရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကျင်းပ

ရန်ကုန် စက်တင်ဘာ ၂၂

**မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း၊ Kyoto University, SEEDS Asia (Japan) နှင့် SEEDS India တို့ ပူးပေါင်း၍ နာဂစ် မုန်တိုင်းဒဏ် ခံရသော ဒေသများတွင် အဆောက်အအုံများ ပြန်လည်တည်ဆောက်ရာ၌ သဘာဝဘေးအန္တရာယ်ဒဏ်ခံအဆောက်အအုံများ တည်ဆောက်နိုင်ရေးဆိုင်ရာ ပညာပေးအလုပ်ရုံဆွေးနွေးပွဲ (Safer Shelter Construction National Level Training Workshop) ဖွင့်ပွဲကို ယနေ့ နံနက် ၉နာရီတွင် ရန်ကုန်မြို့ တက္ကသိုလ်များ လှိုင်နယ်မြေ (လှိုင်မြို့နယ်) ရှိ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း အဆောက်အအုံ၌ ကျင်းပသည်။**

အခမ်းအနားသို့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေ၊ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းဥက္ကဋ္ဌ ဦးသန်းမြင့်နှင့် ကော်မတီဝင်များ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဂျပန်နိုင်ငံသံအမတ်ကြီး H.E. Mr. Yasuaki Nogawa နှင့် စာတမ်းရှင်များ၊ ဝန်ကြီးဌာနများမှ ကိုယ်စားလှယ်များ၊ တက်ရောက်ဆွေးနွေးသူများနှင့် အင်ဂျင်နီယာအဖွဲ့ဝင်များ တက်ရောက်ကြသည်။

အလုပ်ရုံဆွေးနွေးပွဲတွင် ဝန်ကြီးဗိုလ်ချုပ်မောင်မောင်ဆွေ၊ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း ဥက္ကဋ္ဌ ဦးသန်းမြင့်နှင့် ဂျပန်နိုင်ငံသံအမတ်ကြီး H.E.Mr. Yasuaki Nogawa တို့က အမှာစကားပြောကြားကြပြီး မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း၊ Kyoto University , SEEDS Asia (Japan) နှင့် SEEDS India တို့မှ စာတမ်းရှင်များက သဘာဝဘေးအန္တရာယ်ဒဏ်ခံ အဆောက်အအုံများ တည်ဆောက်နိုင်ရေးဆိုင်ရာ စာတမ်းများကို အသီးသီးဖတ်ကြားကြသည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲကို စက်တင်ဘာ ၂၃ရက် နံနက် ၉နာရီမှ ညနေ၆ နာရီအထိ ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)




**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ် မောင်မောင်ဆွေ နာဂစ်မုန်တိုင်းဒဏ်ခံရသော ဒေသများတွင် အဆောက်အအုံများ ပြန်လည်တည်ဆောက်ရာ၌ သဘာဝဘေးအန္တရာယ်ဒဏ်ခံ အဆောက်အအုံများ တည်ဆောက်နိုင်ရေးဆိုင်ရာပညာပေးအလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲတွင် အမှာစကားပြောကြားစဉ်။** (သတင်းစဉ်)

# ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၌ မူလတန်းကျောင်း စာသင်ဆောင်သစ် ဗဟိုအလုပ်အမှုဆောင် မြို့တော်ဝန်ဗိုလ်မှူးချုပ်အောင်သိန်းလင်းဖွင့်လှစ်



**ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် အမှတ် (၁၈) အခြေခံပညာမူလတန်းကျောင်းရှိ ကျောင်းဆောင်သစ်ဖွင့်ပွဲအခမ်းအနားတွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် (ရန်ကုန်တိုင်းတာဝန်ခံ) များဖြစ်ကြသော မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း၊ ဒုတိယ မြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါနှင့် တာဝန်ရှိသူများ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။** (၁၉)

**ရန်ကုန် စက်တင်ဘာ ၂၂**

ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ဆောက်လုပ်လှူဒါန်းပြီး ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီအင်ဂျင်နီယာဌာန(အဆောက်အအုံ) က နည်းပညာပံ့ပိုးမှုဖြင့် ဆောင်ရွက် ပြီးစီးသည့် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် အမှတ် (၂၆) ရပ်ကွက်ရှိ အမှတ် (၁၈) အခြေခံပညာမူလတန်းကျောင်းစာသင်ကျောင်းဆောင်သစ်ဖွင့်ပွဲ အခမ်းအနားကို ယနေ့မွန်းလွဲ ၁၂နာရီခွဲတွင် အဆိုပါကျောင်းဆောင်သစ်ရှေ့၌ ကျင်းပရာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် (ရန်ကုန်တိုင်းတာဝန်ခံ)များ ဖြစ်ကြသည့်ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်းနှင့် ဒုတိယဥက္ကဋ္ဌ ဒုတိယ မြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါ၊ အမှတ် (၃) အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးစန်းအောင်၊ ရန်ကုန်တိုင်းအသင်း အတွင်းရေးမှူး ဦးအေးမြင့်နှင့် ကျောင်းအကျိုးတော်ဆောင် ဦးအောင်ကြံ့ခိုင်တို့ကကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြပြီး ဗဟိုအလုပ်အမှုဆောင်များ၊ တာဝန်ရှိသူများနှင့် ဧည့်သည်တော်များသည် စာသင်ကျောင်းဆောင်သစ်နှင့် ကျောင်းသား၊ ကျောင်းသူများ စာသင်ကြားမှုတို့ကို လိုက်လံကြည့်ရှုစစ်ဆေးအားပေးကြသည်။

**ဖွင့်လှစ်**

အလားတူဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် အမှတ် (၃၃)ရပ်ကွက်ရှိ အမှတ် (၄) အခြေခံပညာမူလတန်းကျောင်း စာသင်ကျောင်းဆောင်သစ် ဖွင့်ပွဲကို အဆိုပါကျောင်းဆောင်သစ်ရှေ့၌ကျင်းပရာဗဟိုအလုပ်အမှုဆောင်များဖြစ်ကြသည့် မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်းနှင့် ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီး မောင်ပါ၊ အမှတ် (၃)အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးစန်းအောင်၊ရန်ကုန်တိုင်းအသင်းအတွင်းရေးမှူး ဦးအေးမြင့်နှင့် မြို့နယ်အသင်း အတွင်းရေးမှူး ဦးစိုးဝင်းတို့က ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ်၍ဖွင့်လှစ်ပေးကြပြီးဗဟိုအလုပ်အမှုဆောင်များ၊ တာဝန်ရှိသူများနှင့် ဧည့်သည်တော်များသည် စာသင်ကျောင်းဆောင်သစ်နှင့်ကျောင်းသားကျောင်းသူများ စာသင်ကြားနေမှုတို့ကို လိုက်လံ ကြည့်ရှုစစ်ဆေးအားပေးကြသည်။

ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းသည် မုန်တိုင်းဒဏ်ကြောင့် ပြိုကျပျက်စီးသွားသော ရန်ကုန်တိုင်းအတွင်းရှိ အခြေခံပညာအဆင့် ကျောင်းများမှ စာသင်ကျောင်းဆောင် ၆၈ကျောင်းနှင့် ကျောင်းများ၏ လိုအပ်ချက်အရ စာသင်ကျောင်းဆောင် နှစ်ကျောင်းအပါအဝင် စာသင်ကျောင်းဆောင်သစ်ပေါင်း ၇၀ကို ဆောက်လုပ် လှူဒါန်းလျက်ရှိရာ ယနေ့ဖွင့်လှစ်သော စာသင်ကျောင်းဆောင်သစ် နှစ်ကျောင်းအပါအဝင် စာသင်ကျောင်းဆောင်သစ် ရှစ်ကျောင်း ဆောက်လုပ်ပြီးစီး၍ ဖွင့်လှစ်ပြီးဖြစ်ကြောင်းသိရသည်။ (၁၉)

## ကြေးမုံ The Mirror — ထူးထူးခြားခြား ရှာရှာဖွေဖွေ

# လီဆိုသို၌ နံပါတ်(၂၀)မြောက် ကမ္ဘာ့အကြီးဆုံး စိန်ရိုင်းတုံးတွေ့ရှိ

**လန်ဒန် စက်တင်ဘာ ၂၂**

လီဆိုသိုနိုင်ငံ သမိုင်းတစ်လျှောက် အကြီးမားဆုံး စိန်ရိုင်းတုံးကြီးကို စက်တင်ဘာ ၈ရက်ကတူးဖော်တွေ့ရှိခဲ့သည်။ အလေးချိန် ၄၇၈ ကာရက်ရှိ ကမ္ဘာပေါ်တွင် နံပါတ်(၂၀)မြောက် အကြီးမားဆုံး စိန်ရိုင်းတုံးကြီးကို ဗြိတိန်ပိုင် ကုမ္ပဏီတစ်ခုက တူးဖော်တွေ့ရှိခဲ့ခြင်းဖြစ်သည်။ **(အောက်ပုံ)**

တောင်အာဖရိကနိုင်ငံတွင် စက်တင်ဘာ ၂၁ရက်က ကျင်းပခဲ့သည့် သတင်းစာရှင်းလင်း ပွဲတွင် အဆိုပါ စိန်ရိုင်းတုံးကြီး တွေ့ရှိခဲ့မှုကို တရားဝင်ကြေညာခဲ့သည်။ ကုမ္ပဏီ၏ အမှုဆောင် အရာရှိဖြစ်သူက ကမ္ဘာပေါ်ရှိ တွေ့ရှိပြီးသမျှ အကြီးမားဆုံး စိန်ရိုင်းတုံးကြီးများ အနက်မှ တစ်ခုဖြစ်သော ထိုစိန်ရိုင်းတုံးကြီးမှာ အရည်အသွေးအလွန်ကောင်းမွန်ပြီး ကြည်လင်တောက်ပနေသည်ဟု ပြောကြားသွားသည်။



**ကာရက် ၁၅၀**

အမှုဆောင်အရာရှိ ကလဲဖို့ဒ်အဲလ်ဖစ်က လိုအပ်သော စစ်ဆေးမှုများ အသေအချာ ပြုလုပ်ပြီးနောက် ၎င်းတို့တွေ့ရှိခဲ့သော ကျောက်မျက်ရိုင်းကြီးမှာ အလွန်အရည်အသွေးကောင်းသော စိန်ရိုင်းတုံးကြီးဖြစ်ကြောင်း အတည်ပြုနိုင်ခဲ့သည်ဟု ထုတ်ဖော်ပြောကြားသွားသည်။ ကုမ္ပဏီ၏ ပြောရေးဆိုခွင့်ရ ပုဂ္ဂိုလ်တစ်ဦးက စိန်ရိုင်းတုံးကြီးကို ယခုထိ နာမည်မပေးရသေးကြောင်းနှင့် ထိုစိန်ရိုင်းတုံးကြီးအား အချောသပ်သွေးပြီးပါက ကာရက် ၁၅၀ ရှိသော စိန်ပွင့်ကြီးရရှိလာမည်ဖြစ်ကြောင်း သတင်းစာရှင်းလင်းပွဲတွင် ကြေညာခဲ့သည်။

ထိုပမာဏသည် ၁၉ ရာစုအတွင်း အိန္ဒိယတွင် ဗြိတိန်တို့တွေ့ရှိခဲ့သော စိန်ရိုင်းတုံးကြီးအား အချောသွေးပြီး ရရှိလာသည့် လက်ရှိ ဗြိတိန်ဘုရင်မကြီး၏ သရဖူတွင် နန်းစဉ်ရတနာအဖြစ် ထည့်သွင်းတပ်ဆင်ထားသော ကွန်အီနူးစိန်ကြီး၏ ၁၀၅ ကာရက်ထက် ပိုမိုများပြားနေသည်။ ယခုစိန်ရိုင်းတုံးကြီးအား တွေ့ရှိခဲ့သည့် လက်ဆန်စိန်တွင်းကို ဗြိတိန်အခြေစိုက် Gem စိန်ကုမ္ပဏီက ၇၀ ရာခိုင်နှုန်းပိုင်ဆိုင်ပြီး လီဆိုသိုအစိုးရက ၃၀ ရာခိုင်နှုန်းပိုင်ဆိုင်သည်ဟု ကုမ္ပဏီက ထုတ်ဖော်ပြောဆိုသွားသည်။ **အင်တာနက်။**

# ဩစတြေးလျသန္တာကျောက်တန်းများတွင် ရာပေါင်းများစွာသော ရေသတ္တဝါမျိုးစိတ်သစ်များတွေ့ရှိ

**ဝါရှင်တန် စက်တင်ဘာ ၂၂**

အမေရိကန်နိုင်ငံ အဏ္ဏဝါဗေဒ လေ့လာရေး သိပ္ပံပညာရှင်များက ဩစတြေးလျနိုင်ငံရှိ ပင်လယ်ရေအောက် သန္တာကျောက်တန်းများအတွင်း ရာပေါင်းများစွာသော ရေသတ္တဝါမျိုးစိတ်များ ရှာဖွေတွေ့ရှိထားကြောင်း ထုတ်ပြန်ကြေညာသည်။ **(အောက်ပုံ)**

အဏ္ဏဝါဗေဒဌာနက ဩစတြေးလျနိုင်ငံ ဂရိတ်ဗာရီယာနှင့် နိုင်ဂလိုသန္တာကျောက်တန်းဒေသများတွင် မှီတင်းနေထိုင်လျက်ရှိသော ရေသတ္တဝါမျိုးစိတ်သစ်များအား လေ့လာစောင့်ကြည့်ရန်အတွက် စူးစမ်းရှာဖွေရေး အဖွဲ့သုံးဖွဲ့ကို လေးနှစ်ကြာ လေ့လာစူးစမ်းရှာဖွေစေခဲ့သည်။

ကွင်းစလန်းမြောက်ပိုင်း ဟယ်ရွန်ကျွန်းတွင်ရှိသော သန္တာကျောက်တန်းများမှ မျိုးစိတ်သစ် ဂျယ်လီဖစ်ရှ် အပါအဝင် သန္တာကျောက်အပျော့စား ၃၀၀ခန့်ကို ရှာဖွေတွေ့ရှိခဲ့သည်။ စူးစမ်းလေ့လာမှုများအရ အဆိုပါကျွန်းများအပြင် နိုင်ဂလို သန္တာကျောက်တန်းများ၌ သက်နု သန္တာကျောက်စိုင်များ ရှိပြီး ယင်းနေရာများတွင် တွေ့ရှိရသော မျိုးစိတ်များအနက် ထက်ဝက်ခန့်မှာ သိပ္ပံပညာရှင်များ မတွေ့ရှိဖူးသော မျိုးစိတ်များဖြစ်သည်။

အလားတူ ပုစွန်နှင့်ပုံသဏ္ဍာန်တူသော မျိုးကွဲသတ္တဝါ မျိုးစိတ်များကို တွေ့ရှိခဲ့ရာ အဏ္ဏဝါဗေဒနှင့် ဇီဝဗေဒ ပညာရှင်များအတွက် ကြီးမားသော အောင်မြင်မှုတစ်ခုဖြစ်သည်ဟု ဆိုသည်။ **အင်တာနက်။**



# အာဟာရသရုပ်ပြ ချက်ပြုတ်ပြိုင်ပွဲ ကျင်းပ

**ရန်ကုန် စက်တင်ဘာ ၂၂**

ရန်ကုန်အရှေ့ပိုင်းခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့က ကြီးမှူးကျင်းပသော ၂၀၀၈ ခုနှစ် အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်အကြိုလှုပ်ရှားမှုအဖြစ် မူကြိုရွယ်ကလေးများအတွက် အာဟာရ သရုပ်ပြ ချက်ပြုတ်ပြိုင်ပွဲကို ယမန်နေ့တွင် သဃ်န်းကျွန်းမြို့နယ်ခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်း မိခင်နှင့် ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ကြင်မြိုင် တက်ရောက်၍ အမှာစကားပြောကြားသည်။

ထို့နောက် ရန်ကုန်အရှေ့ပိုင်းခရိုင် မိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့အတွင်းရေးမှူး ဒေါက်တာဒေါ်စန္ဒာက အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်အကြိုလှုပ်ရှားမှုများ၊ ဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြသည်။

ပြိုင်ပွဲတွင် အရှေ့ပိုင်းခရိုင်အတွင်းရှိ မြို့နယ် ၁၄ မြို့နယ်မှ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဝင်များ ပါဝင်ယှဉ်ပြိုင်ပြီး တိုင်းမိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေး အဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့က သရုပ်ပြချက်ပြုတ် ပြင်ဆင်မှုများကို လိုက်လံကြည့်ရှုအားပေးကြသည်။

ပြိုင်ပွဲအပြီးတွင် ပထမဆုရပုဇွန်တောင်မြို့နယ်၊ဒုတိယဆုရသာကေတမြို့နယ်၊တတိယဆုရသည့် သဃ်န်းကျွန်းမြို့နယ်နှင့် အထူးဆုများရရှိကြသည့် ရန်ကင်းမြို့နယ်၊ မင်္ဂလာတောင်ညွန့်မြို့နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းများအား တိုင်းမိခင်နှင့် ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ကြင်မြိုင်က ဆုများချီးမြှင့်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# မန္တလေးတိုင်း စက်မှုဇုန်နယ်မြေရှိ စက်ရုံများ ဝန်ကြီး ဦးအောင်သောင်း ကြည့်ရှုစစ်ဆေး

နေပြည်တော် စက်တင်ဘာ ၂၂

**အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းသည် စက်တင်ဘာ ၁၉ ရက် နံနက်ပိုင်းတွင် မန္တလေးတိုင်း စက်မှုဇုန်နယ်မြေရှိ မြန်မာ့အထွေထွေနှင့် ပြုပြင်ထိန်းသိမ်းရေးစက်မှုလုပ်ငန်း ဖိနပ်စက်ရုံ(ကျောက်ဆည်)၊ မြန်မာ့အထည်အလိပ်လုပ်ငန်း စွပ်ကျယ်စက်ရုံနှင့် မြန်မာ့စားသောက်ကုန်လုပ်ငန်း သကြားလုံးစက်ရုံတို့ကို ကြည့်ရှုစစ်ဆေးသည်။**

ထို့နောက် ဝန်ကြီးသည်ဘိလပ်မြေစက်ရုံ ရှင်းလင်းဆောင်၌ ကျောက်ဆည် စက်မှုနယ်မြေမှ စက်ရုံမှူးများနှင့် ဘဏ္ဍာရေးဌာနမှ တာဝန်ရှိသူများအား တွေ့ဆုံ၍ ငွေကြေးသုံးစွဲမှုနှင့် ကုန်ထုတ်လုပ်မှု ရည်မှန်းချက်အောင်မြင်ရေးတို့အတွက် မှာကြားသည်။

**အသုံးပြုနိုင်**

ဆက်လက်၍ မြန်မာ့စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီ ဥက္ကဋ္ဌ ဝန်ကြီး ဦးအောင်သောင်းသည် နံနက် ၁၀နာရီခွဲတွင် မန္တလေး စက်မှုဇုန်ရှိ မန္တလေးတော်ဝင်စက်မှုလက်မှုကုမ္ပဏီလီမိတက် အစည်းအဝေးခန်းမ၌ မန္တလေးစက်မှုဇုန်ကြီးကြပ်ရေးကော်မတီဝင်များ၊ မန္တလေးစက်မှုဇုန်ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီဝင်များ၊ ဆပ်ကော်မတီဝင်များ၊ မန္တလေး၊ တောင်ကြီး၊ မုံရွာ၊ မိတ္ထီလာ စက်မှုဇုန်များမှ စက်မှုလုပ်ငန်းရှင်များ၊ မော်တော်ယာဉ်ထုတ်လုပ်ရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံ၍ စက်မှုဇုန်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ အရှိန်အဟုန်မြင့် ဆက်လက်ဆောင်ရွက်ကြရေး၊ လယ်ယာသုံးလုပ်ငန်းများပြန်လည် ထူထောင်ရေးလုပ်ငန်းများတွင် အချိန်တိုအတွင်း အသုံးပြုနိုင်ရန် လယ်ယာသုံး ရိတ်သိမ်းစက်များကို စက်မှုဇုန်များက တီထွင်ထုတ်လုပ်နိုင်ရေးတို့ကို မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## ပြောကြား

**၂၀၀၈ ခုနှစ် (၁၄)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း ပိုက်ကျော်ခြင်းပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားတွင် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့် အဖွင့်အမှာစကား ပြောကြားစဉ်။**

(အား/ကာ)





# (၁၄)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း ပိုက်ကျော်ခြင်းပြိုင်ပွဲ ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့် တက်ရောက်ဖွင့်လှစ်

ရန်ကုန် စက်တင်ဘာ ၂၂

**မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်သည် စက်တင်ဘာ ၂၀ ရက် ညနေ ၃ နာရီက ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်း မိုးလုံလေလုံ အားကစားပြိုင်ပွဲရုံ၌ ကျင်းပသည့် ၂၀၀၈ ခုနှစ် (၁၄)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း ပိုက်ကျော်ခြင်းပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားပြီး ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။**

အဆိုပါ အခမ်းအနားသို့ အားကစားဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ၊မြန်မာနိုင်ငံအမျိုးသမီးအားကစားအဖွဲ့ချုပ် ဗဟိုလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ဒေါ်အေးအေးနှင့် ကော်မတီဝင်များ၊ တာဝန်ခံ နာယကများ၊ မြန်မာနိုင်ငံ ပိုက်ကျော်ခြင်းအဖွဲ့ချုပ် အမှုဆောင်များ၊ ဖိတ်ကြားထားသူများ၊ ပြိုင်ပွဲဝင် ပြည်နယ်နှင့်တိုင်း ပိုက်ကျော်ခြင်းအသင်းများမှအားကစားသမားများ၊ အားကစား ဝါသနာရှင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြိုင်ပွဲဝင် ပြည်နယ်နှင့်တိုင်းအသင်းများ ကွင်းအတွင်းသတ်မှတ်ထားသည့် နေရာများတွင် နေရာယူပြီးနောက် ယမန်နှစ်ချန်ပီယံအသင်းများ ဖြစ်ကြသည့် ဧရာဝတီတိုင်း အမျိုးသမီးနှစ်ယောက်တွဲ၊အမျိုးသားနှစ်ယောက်တွဲ၊ အမျိုးသမီးအဖွဲ့လိုက် သုံးယောက်တွဲ အသင်းများမှ တံခွန်စိုက် ဒိုင်းဆုကြီးများနှင့် စစ်ကိုင်းတိုင်း အမျိုးသားအဖွဲ့လိုက် သုံးယောက်တွဲအသင်းမှ တံခွန်စိုက် ဒိုင်းဆုကြီးများကို မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရအေးမြင့်ထံ ပြန်လည်အပ်နှံကြသည်။

ထို့နောက် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်သူရအေးမြင့်က အမှာစကားပြောကြား၍ ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

ထို့နောက် အာရှသဲသောင်ပြင်ပိုက်ကျော်ခြင်းပြိုင်ပွဲသို့ သွားရောက်ယှဉ်ပြိုင်ကြမည့် မြန်မာ့လက်ရွေးစင် ပိုက်ကျော်ခြင်း အားကစားသမားများက သဲသောင်ပြင်ပိုက်ကျော်ခြင်းခတ်ကစားနည်းအား သရုပ်ပြ ယှဉ်ပြိုင်ကစားကြသည်။

၂၀၀၈ ခုနှစ် (၁၄)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း ပိုက်ကျော်ခြင်းပြိုင်ပွဲကို စက်တင်ဘာ ၂၀ ရက်မှ ၂၆ ရက်အထိ နေ့စဉ် နံနက် ၈ နာရီမှစ၍ အဆိုပါပြိုင်ပွဲရုံ၌ ကျင်းပမည်ဖြစ်ပြီး ပြိုင်ပွဲသို့ ပြိုင်ပွဲဝင် အမျိုးသားအသင်း ၁၆ သင်းနှင့် အမျိုးသမီးအသင်းကိုးသင်းတို့ ပါဝင်ယှဉ်ပြိုင်ကြကြောင်း သိရသည်။

(အား/ကာ)

## အမှာစကားပြောကြား

**ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါ ရန်ကုန်တောင်ပိုင်းခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေး (၂၀၀၈)တွင် အမှာစကား ပြောကြားစဉ်။**

(မြို့တော်စည်ပင်)





# ရန်ကုန်တောင်ပိုင်းခရိုင်နှင့် ရန်ကုန်မြောက်ပိုင်းခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေးများ ကျင်းပ

**ရန်ကုန် စက်တင်ဘာ ၂၂**

ရန်ကုန်တောင်ပိုင်းခရိုင်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေး (၂၀၀၈)ကို ယမန်နေ့ နံနက်ပိုင်းတွင်သန်လျင်မြို့ရှိ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီရုံး ရှင်စောပုခန်းမ၌ ကျင်းပရာ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် (ရန်ကုန်တိုင်းတာဝန်ခံ)ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီး မောင်ပါတက်ရောက်၍အဖွင့်အမှာစကားပြောကြားပြီး ၂၀၀၇-၂၀၀၈ ပညာသင်နှစ်တွင် ထူးချွန်စွာ အောင်မြင်ခဲ့ကြသည့် ကျောင်းသား၊ကျောင်းသူများအားဂုဏ်ပြုဆုများပေးအပ်ချီးမြှင့်သည်။

ထို့နောက် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရန် မြန်မာနိုင်ငံဆန်ကုန်သည်များအသင်း ဥက္ကဋ္ဌ ဦးအောင်သန်းဦး လှူဒါန်းသည့်အလှူငွေကျပ် သုံးသိန်းကို တိုင်းအတွင်းရေးမှူး ဦးအေးမြင့်က လက်ခံပြီး လေဘေးသင့်ဒေသများတွင် သွားရောက် ကူညီဆောင်ရွက်ပေးခဲ့ကြသည့် အသင်းဝင် ၁၅ဦးအား တာဝန်ရှိသူများက ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ကြကာ သင်းလုံးကျွတ်အစည်းအဝေးကို ဆက်လက်ကျင်းပသည်။

အလားတူ ရန်ကုန်မြောက်ပိုင်းခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေး (၂၀၀၈)ကို စက်တင်ဘာ ၂၁ ရက် မွန်းလွဲပိုင်းတွင် အင်းစိန်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်(ရန်ကုန်တိုင်း တာဝန်ခံ) ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီး မောင်ပါတက်ရောက်၍အမှာစကားပြောကြားပြီး ၂၀၀၇-၂၀၀၈ ပညာသင်နှစ်တွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသည့်ကျောင်းသား၊ ကျောင်းသူများအားဂုဏ်ပြုဆုများချီးမြှင့်သည်။

ထို့နောက် လေဘေးသင့်ဒေသများတွင် သွားရောက်ကူညီဆောင်ရွက်ပေးခဲ့ကြသည့်အသင်းဝင်များနှင့် လူမှုရေးလုပ်ငန်းများတွင် စွမ်းစွမ်းတမံဆောင်ရွက်ခဲ့ကြသည့် အသင်းဝင်များအား တာဝန်ရှိသူများက ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ပြီး အလှူရှင်၄၀တို့က ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ရန်အတွက် အလှူငွေကျပ် ၁၅သိန်းကို ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံရယူကြသည်။

ဆက်လက်၍ အစည်းအဝေး အစီအစဉ်များကိုဆက်လက်ကျင်းပကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## မြဝတီရုပ်မြင်သံကြား အစီအစဉ်

**၂၃-၉-၂၀၀၈ (အင်္ဂါနေ့)**

**နံနက်ပိုင်း**

- ၇း၀၀ ၁။ မြဝတီအဖွင့်
- ၇း၀၅ ၂။ အဖွင့်သီချင်း
- ၇း၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇း၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၇း၄၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- ၇း၅၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇း၅၅ ၈။ အမျိုးသားရေး တေးကဗျာ
- ၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြား သတင်း
- ၈း၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ
- ၈း၁၅ ၁၁။ အပိတ်နှုတ်ဆက်စကား
- ၈း၁၆ ၁၂။ ပြီးပါပြီ။

**ညပိုင်း**

- ၄း၀၀ ၁။ မြဝတီအဖွင့်
- ၄း၀၅ ၂။ အဖွင့်သီချင်း
- ၄း၁၀ ၃။ အမျိုးသားရေးတေးကဗျာ
- ၄း၁၅ ၄။ ချိုမြလက်သံ ငြိမ့်ညောင်းဟန်
- ၄း၂၅ ၅။ အလွမ်းတေးပန်းချီ ချစ်သူဆီ
- ၄း၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
- ၄း၅၅ ၇။ မျိုးချစ်တပ်မတော်
- ၅း၀၀ ၈။ မြန်မာစာမြန်မာစကား
- ၅း၂၀ ၉။ မြန်မာသံစဉ်ချိုနားဝင်
- ၅း၃၀ ၁၀။ မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ
- ၅း၄၀ ၁၁။ တိုင်းကျိုးပြည်ပြု တည်ထောင်မှု
- ၅း၅၀ ၁၂။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၆း၀၀ ၁၃။ မြဝတီရုပ်မြင်သံကြား သတင်း
- ၆း၁၀ ၁၄။ နိုင်ငံတကာသတင်း
- ၆း၂၀ ၁၅။ အမျိုးသားရေးတေးကဗျာ
- ၆း၂၅ ၁၆။ ဝတ်စားဆင်ယင်လှစေချင်
- ၆း၄၅ ၁၇။ လျှပ်တစ်ပြက်ရိုက်ချက်
- ၇း၀၀ ၁၈။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - စံပါပဲ အပိုင်း(၁၈)**
- ၈း၀၀ ၁၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၂၀။ မိုးလေဝသသတင်း
- ၂၁။ အမျိုးသားရေးတေးကဗျာ
- ၂၂။ မွေးမြူသုတ
- ၂၃။ ဗွီစီဒီကျော်ကြားတေးများ
- ၂၄။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
- ၂၅။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -ဖြူစင်ခြင်းရဲ့နောက်ကွယ် (အပိုင်း-၂၅)**
- ၂၆။ သင့်အတွက်မနက်ဖြန်
- ၂၇။ အပိတ်နှုတ်ဆက်စကား
- ၂၈။ ပြီးပါပြီ။

# ပြည်သူများ စိတ်အေးချမ်းသာစွာ သွားလာနိုင်ရေး ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ထိန်းသိမ်းလိုက်နာ

ရန်ကုန် စက်တင်ဘာ ၂၂

**ပြည်သူများ စိတ်အေးချမ်းမြေ့စွာ သွားလာနိုင်ရေး၊ ယာဉ်အန္တရာယ်ကင်းဝေးစေရေး၊ ယာဉ်မဆင်မခြင်မောင်းနှင်မှုများ၊ ယာဉ်မတော်တဆမှုများ လျော့နည်းပပျောက်စေရေးအတွက် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ ထိန်းသိမ်းကြပ်မတ် ပညာပေးမှုများကို သက်ဆိုင်ရာကော်မတီများနှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ ပူးပေါင်းလျက် စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိသည်ကို တွေ့မြင်နေရသည်။**

ထိုသို့ ဆောင်ရွက်လျက်ရှိရာတွင် ယာဉ်စည်းကမ်း လမ်းစည်းကမ်း ပညာပေးမှုများကို ကျယ်ကျယ်ပြန့် ပြန့် ဆောင်ရွက်လျက်ရှိသကဲ့သို့ စစ်ဆေး အရေးယူသည့် အပိုင်းမှ လည်း အရေးယူ အပြစ်ပေးလျက်ရှိ သည်ကို တွေ့ရသည်။ သက်ဆိုင်ရာ ကဏ္ဍအသီးသီးမှ အရှိန်အဟုန်ဖြင့် ထိန်းသိမ်း ဆောင်ရွက်နေချိန်တွင် ယာဉ်မတော်တဆမှုများ လျော့နည်း ကျဆင်းသွားစေရေးအတွက် မော်တော်ယာဉ်များအပိုင်း၊ ခရီးသွား ပြည်သူများအပိုင်းမှ စည်းကမ်း လိုက်နာမှုများ ပိုမိုတိုးတက်လာရန် လိုအပ်နေသည်။

ယနေ့ကာလတွင် ရန်ကုန်မြို့သည် စီးပွားရေးမြို့ ဖြစ်သည်နှင့်အညီ ကူသန်းသွားလာ ရောင်းဝယ်ဖောက် ကားသူများ၊ ခရီးသွားပြည်သူများ ဖြင့် တစ်နေ့တခြား ပိုမိုများပြားလာ သည်ကို တွေ့ရသည်။ ထို့အပြင် ယာဉ်စီးရေသည်လည်း တိုးတက်များ ပြားလျက်ရှိပြီး ရန်ကုန်မြို့အတွင်း လမ်းမကြီးများပေါ်၌ ယာဉ်နှင့် ခရီး သွားများ အသွားအလာ ရှုပ်ထွေး လျက်ရှိသည်ကို နေ့စဉ် တွေ့မြင်နေ ရသည်။

ရန်ကုန်မြို့ လမ်းများပေါ်၌ စည်း ကမ်းရှိစွာဖြင့် သွားလာမောင်းနှင် ရပ်နားလျက်ရှိသော ယာဉ်များရှိသကဲ့ သို့ စည်းကမ်းမဲ့ သွားလာမောင်းနှင် ရပ်နားသော ယာဉ်များ ရှိသည်ကို လည်း နေ့စဉ် တွေ့မြင်နေရသည်။

မြန်မာနိုင်ငံရှိ မြို့ကြီးများတွင် သွားလာ မောင်းနှင်လျက်ရှိသော မော်တော်ယာဉ်များနှင့် ခရီးသွား ပြည်သူများအနေဖြင့် နိုင်ငံကြီးသား ပီသစွာဖြင့် သွားလာမောင်းနှင်ရန် လိုအပ်နေပြီ ဖြစ်သည်။

ရန်ကုန်မြို့တွင်းလမ်းများပေါ်တွင် ယနေ့ သွားလာလှုပ်ရှားလျက်ရှိသော မော်တော်ယာဉ်နှင့် ခရီးသွားများ၏ စည်းကမ်း လိုက်နာရန် လိုအပ်မှု မြင်ကွင်းများကို ကြည့်ရှုခြင်းဖြင့် စည်းကမ်းလိုက်နာ ယာဉ်အန္တရာယ် ကင်းဝေးပြီး ပြည်သူများ စိတ်အေး ချမ်းသာစွာ သွားလာနိုင်ရေး အသိ စိတ်ဓာတ်ရှိစွာဖြင့် ဝိုင်းဝန်းဆောင် ရွက်ကြရမည် ဖြစ်သည်။ (ကြေးမုံ)

**ပန်းဘဲတန်းမြို့နယ် မဟာဗန္ဓုလလမ်းရှိ သိမ်ကြီးဈေး ကားမှတ်တိုင်ရှေ့တွင် မော်တော်ယာဉ်များ ကြားမှ စည်းကမ်းမဲ့ လမ်းဖြတ်ကူးသူများကို တွေ့မြင်ရစဉ်။** (ကြေးမုံ)



**စမ်းချောင်းမြို့နယ် ဒဂုံစင်တာရှေ့ မြေနီကုန်း ကားမှတ်တိုင်တွင် အငှားကား တက္ကစီများ ရပ်နား ထားကြသလို ဈေးရောင်းကားများ ရပ်ထားကြသဖြင့် ခရီးသည်တင်မော်တော်ယာဉ်များ မှတ်တိုင်သို့ မဝင်နိုင်ဘဲ ခရီးသည် ခေါ်တင်လျက်ရှိစဉ်။** (ကြေးမုံ)





**တာမွေမြို့နယ် တာမွေဈေး (ယာယီဈေး)ရှေ့ ကားမှတ်တိုင်မှ ကျောက်မြောင်းဈေးဘက်သို့ ထွက်ခွာလာသော ခရီးသည်တင် အမှတ်(၁၀၅) ယာဉ်နှစ်စီး ယှဉ်ပြိုင်မောင်းနေစဉ်။** (ကြေးမုံ)



## စည်းကမ်းရှိစွာ ရပ်နား

**လသာမြို့နယ် အနော်ရထာလမ်းနှင့် ၁၈ လမ်းထိပ်၌ ကိုယ်ပိုင်ယာဉ်များ၊ အငှားမော်တော်ယာဉ်များသည် စည်းကမ်းရှိစွာ ရပ်နားလျက်ရှိသည်ကို တွေ့ရစဉ်။** (ကြေးမုံ)



**မြေနီကုန်းမှတ်တိုင်မှ ထွက်၍ ဦးဝိစာရလမ်းဘက်သို့အသွား တပ်မတော်ပန်းခြံရှေ့၌ ခရီးသည်တင် မော်တော်ယာဉ်တွင် တွယ်စီး ခရီးသည်အချို့ကို တွေ့ရစဉ်။** (ကြေးမုံ)

# ခရမ်းမြို့နယ် စာကြည့်တိုက်ပညာဆင့်ပွားသင်တန်း (၁/၂၀၀၈)ဖွင့်

**ရန်ကုန် စက်တင်ဘာ ၂၂**

ရန်ကုန်တောင်ပိုင်းခရိုင် ခရမ်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ကြီးကြပ်မှုဖြင့် မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနက စီစဉ်ကျင်းပသည့် စာကြည့်တိုက်ပညာဆင့်ပွားသင်တန်း (၁/၂၀၀၈) ဖွင့်ပွဲကို ဩဂုတ် ၁၅ ရက် နံနက် ၁၀ နာရီတွင် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီရုံးရှိ ပြဟ္မစိုရ် အစည်းဝေး ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ ဥက္ကဋ္ဌ ဦးလှသောင်းက အဖွင့်အမှာစကား ပြောကြားပြီး **(အောက်ပုံ)** မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ ဦးစီးမှူး ဒေါ်ရီရီလွင်က သင်တန်းဖွင့် လှစ်ရသည့် ရည်ရွယ်ချက်များ ရှင်းလင်းပြောကြားကာ ယာယီစာကြည့် တိုက်မှူး ဒေါ်ချစ်ချစ်သန်း (ရုပ်သံ ကျွမ်းကျင်-၃)က စာကြည့်တိုက် ပညာရပ်များကို ပို့ချသည်။

သင်တန်းသို့ ခရမ်းမြို့နယ် အတွင်း ရှိ ကျေးရွာအုပ်စုများမှ အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌများနှင့် စာရေးဝန်ထမ်းများ၊ စာကြည့်တိုက်မှူးများ တက်ရောက် ခဲ့ကြသည်။

(မြို့နယ်ပြန်/ဆက်)






# အင်အားအသင့်အတင့်ရှိ မြေငလျင်လှုပ်ရှား

**နေပြည်တော် စက်တင်ဘာ ၂၂**

၂၀၀၈ ခုနှစ် စက်တင်ဘာ ၂၂ ရက် မြန်မာစံတော်ချိန် ၂၀ နာရီ ၀၂ မိနစ် ၀၂ စက္ကန့်အချိန်တွင် ကမ္ဘာအေးမြေငလျင်စခန်းအနီးမှ တောင်ဘက် ၈၅ မိုင်ခန့်ဝေးကွာသောနေရာ (မြန်မာနိုင်ငံတောင်ဘက် ကမ်းရိုးတန်းအနီး)ကို ဗဟိုပြု၍ အင်အား ရစ်ချ်တာစကေး ၅ ဒသမ ၄ အဆင့်ရှိ အင်အားအသင့်အတင့်ရှိသော မြေငလျင်တစ်ခု လှုပ်ရှားသွားမှုကို တိုင်းထွာရရှိသည်ဟု မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်သည်။ (သတင်းစဉ်)

# သတိပေးနှိုးဆော်ချက်

ရန်ကုန်မြို့တော် စည်ပင်သာယာနယ်နိမိတ်အတွင်းရှိ မြို့နယ် ၃၁ မြို့နယ်အား ဟွန်းသံကင်းမဲ့ဇုန်အဖြစ် သတ်မှတ်ထားရှိရာတွင် အချို့ယာဉ်မောင်းများမှာ အကြောင်းအမျိုးမျိုးပြလျက် ဟွန်းတီးလျက်ရှိကြောင်း စစ်ဆေးတွေ့ရှိရပါသည်။ သို့ဖြစ်ပါ၍ နိုင်ငံကြီးသားစိတ်ဓာတ်ဖြင့် ဟွန်းသံကင်းမဲ့ဇုန်အတွင်း မည်သည့်အကြောင်းနှင့်မျှ ဟွန်းမတီးကြရန်နှင့် စစ်ဆေးတွေ့ရှိပါက ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေးနှိုးဆော်အပ်ပါသည်။

**ရန်ကုန်တိုင်းယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ**

# တနိုင်း-ရှင်ဗွေယန်-ပန့်ဆောက် လမ်းမကြီးပေါ်ရှိ

## တနိုင်းတံတားအခြေအနေကို ဝန်ကြီး ဗိုလ်ချုပ်စောထွန်း ကြည့်ရှုစစ်ဆေး

နေပြည်တော် စက်တင်ဘာ ၂၂

**ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်းသည် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ တာဝန်ရှိသူများ လိုက်ပါလျက် စက်တင်ဘာ ၁၆ ရက်တွင် ကချင်ပြည်နယ် မြစ်ကြီးနားခရိုင် တနိုင်း-ရှင်ဗွေယန်-ပန့်ဆောက် လမ်းမကြီးပေါ်ရှိ တနိုင်းတံတား(ရှင်ဗွေယန်ဘက်ကမ်း)ကို ကြည့်ရှုစစ်ဆေးသည်။**

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့အား ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးကိုကိုဦးက ရေလမ်းကြောင်းထိန်းသိမ်းမှုနှင့် ရေတိုက်စားမှုကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်မည့် အစီအစဉ်ကို ရှင်းလင်းတင်ပြရာ ဝန်ကြီးက ရေလမ်းကြောင်း ထိန်းသိမ်းမှုကို ဦးစားပေးအဆင့်အလိုက် ခွဲခြားဆောင်ရွက်ရန် မှာကြားသည်။

**မှာကြား**

ဆက်လက်၍ ဝန်ကြီးနှင့် အဖွဲ့ဝင်များသည် တနိုင်းတံတား (ရှင်ဗွေယန်ဘက်ကမ်း) ရေလမ်းကြောင်း အခြေအနေတို့ကို ရေယာဉ်ဖြင့် လှည့်လည် ကြည့်ရှုစစ်ဆေးပြီး ဆောင်ရွက်ရမည့် လုပ်ငန်းဆိုင်ရာများကို မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

**ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်း ကချင်ပြည်နယ် မြစ်ကြီးနားခရိုင် တနိုင်း-ရှင်ဗွေယန်-ပန့်ဆောက် လမ်းမကြီးပေါ်ရှိ တနိုင်းတံတား (ရှင်ဗွေယန်ဘက်ကမ်း)ကို ကြည့်ရှုစစ်ဆေးစဉ်။** (ဆောက်လုပ်ရေး)





## ကံတရား

* သူငယ်ချင်း... မင်းသူ့ကိုကြည့်
မိမိတိုင်းပြည်၊ စည်ပင်ဖွံ့ဖြိုး
အလုတိုးအောင်၊ ကြိုးပမ်းခဲ့တာ
ဘာမျှမရှိ။
* မတည်ငြိမ်အောင်၊ ဆူပူအောင်တော့
ဆောင်ရွက်ခဲ့တာ၊ အခါခါပေါ့။
* အလုပ်ရုံပိတ်၊ စက်ရုံပိတ်ဖို့
ပိတ်ပင်ခဲ့တာ၊ အခါခါပေါ့။
* ဒို့များမြန်မာ၊ ဆိုရိုးမှာလျှင်
သတ္တဝါတစ်ခု၊ ကံတစ်ခုတဲ့
ကိုယ်ပြုသည့်ကံ၊ ကိုယ်သာခံတဲ့
အမှန်အမှား၊ မစဉ်းစားဘဲ
မှားပြီးထပ်ခါ၊ မှားနေပါလျှင်
သူသာပြိုကွဲ၊ အကျိုးနည်းမည်
ကဲ... စိတ်တော့မကောင်းဘူး သူငယ်ချင်း။ ။

**စိုးမိုး(ပုသိမ်)**

# မြန်မာလိဂ် ဘောလုံးပြိုင်ပွဲ ပြည်ထဲရေး အနိုင်ရ၊ ဘဏ္ဍာ/အခွန်နှင့် Air Bagan သရေကျ

သတင်းနှင့် ဓာတ်ပုံ - စိုးညွန့်(ကြေးမုံ)

**ရန်ကုန် စက်တင်ဘာ ၂၂**

၂၀၀၈-၂၀၀၉ ဘောလုံးရာသီ မြန်မာလိဂ် အဆင့်မြင့်တန်း အမှတ်ပေးဘောလုံးပြိုင်ပွဲကို ယနေ့ညနေ ၃နာရီခွဲက အောင်ဆန်းကွင်းနှင့် သုဝဏ္ဏကွင်းတို့တွင် ဆက်လက်ကျင်းပရာ ပြည်ထဲရေးအသင်း အနိုင်ရရှိသွားပြီး ဘဏ္ဍာ/အခွန်နှင့် Air Bagan တို့ သရေဖြစ်သွားသည်။

**(အောင်ဆန်းကွင်း)**

**Air Bagan F.C -** **တစ်ဂိုး**
(တင်ဝင်းအောင်)

**ဘဏ္ဍာ/အခွန်အသင်း -** **တစ်ဂိုး**
(စိုးမြတ်မင်း)

**စာမျက်နှာ ၁၂ ကော်လံ ၁ သို့ ✳**



**ဘဏ္ဍာ/အခွန်မှ ကျော်သူရနှင့် Air Bagan မှ အောင်သိုက်တို့ တွေ့ဆုံစဉ်။**

## စည်းကမ်းရှိဖို့လို

**မင်္ဂလာတောင်ညွန့်မြို့နယ် ယုဇနပလာဇာရှေ့ ခရီးသည်တင် ယာဉ်ရပ်မှတ်တိုင်ရှေ့တွင် အငှားကားများ၊ ဈေးဆိုင်များဖြင့် ရှုပ်ထွေးလျက်ရှိသည်ကို စက်တင်ဘာ ၂၂ ရက် မွန်းလွဲပိုင်းက တွေ့ရစဉ်။**(ကြေးမုံ)

(ယာဉ်စည်းကမ်း သတင်းမှတ်စု၊ စာမျက်နှာ-၁၁)



# အကျဉ်းသား ၉၀၀၂ ဦးအား

## ပြစ်ဒဏ်ကျခံနေရခြင်းမှ လွတ်ငြိမ်းသက်သာခွင့်ပေး

**နေပြည်တော် စက်တင်ဘာ ၂၃**

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ဒို့တာဝန် အရေးသုံးပါးကို ဦးထိပ်ထားလျက် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ် ပေါ်ပေါက်ရေးအတွက် ဆောင်ရွက်လျက်ရှိသည်။ ယခုအခါ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ်ကို ခိုင်ခိုင်မာမာချမှတ်လျက် အဆင့် (၄) ဖြစ်သော နောင်အနာဂတ်နိုင်ငံတော်ကို ဖော်ဆောင်မည့် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြည်သူအများက တစ်ခဲနက် ထောက်ခံအတည်ပြုပြီးလည်း ဖြစ်သည်။

ဤသို့ နိုင်ငံတော်သစ် တည်ထောင်ရာတွင် တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် နိုင်ငံတော်အစိုးရသည် တည်ဆဲဥပဒေများကို ကျူးလွန်ဖောက်ဖျက်သူများအား တရားဥပဒေနှင့်အညီ ပြစ်ဒဏ်များ ချမှတ်ခဲ့သည်။ သို့ရာတွင် ပြစ်ဒဏ်ကျအကျဉ်းသားများအား နိုင်ငံတော်သစ် တည်ဆောက်ရေးတွင် တစ်ဖက်တစ်လမ်းမှ အကျိုးပြုစေမည့် နိုင်ငံသားများအဖြစ်သို့ ပြောင်းလဲပေးရန် စီမံဆောင်ရွက်လျက်ရှိသည်။

ယခုအခါ စည်းကမ်းနှင့် အကျင့်စာရိတ္တကောင်းမွန်လာသော အကျဉ်းသားများအား လူမှုရေးအရ စာနာထောက်ထားခြင်းအားဖြင့်လည်းကောင်း၊ ယင်းတို့၏ မိသားစုများအား ငဲ့ညှာသော အားဖြင့် လည်းကောင်း၊ ၎င်းတို့သည် နိုင်ငံတော်၏ မေတ္တာ၊ စေတနာကို နားလည်ကြပြီး မိမိအကျိုး၊ ဒေသအကျိုးနှင့် ၂၀၁၀ ပြည့်နှစ်အတွင်း ကျင်းပမည့် တရားမျှတသော ရွေးကောက်ပွဲများတွင်လည်း အများပြည်သူတို့နှင့်အတူ နိုင်ငံတော်အကျိုးကို ထမ်းရွက်သွားနိုင်ကြစေရန်အတွက်လည်းကောင်း ၁၃၇၀ ပြည့်နှစ် တော်သလင်းလပြည့်ကျော် ၉ ရက်၊ ၂၀၀၈ ခုနှစ် စက်တင်ဘာ ၂၃ ရက် (ယနေ့)တွင် အကျဉ်းသား ၉၀၀၂ ဦးအား ပြစ်ဒဏ်ကျခံနေရခြင်းကို ရပ်စဲပေးလိုက်ပြီး သက်ဆိုင်ရာ အကျဉ်းစခန်းအသီးသီးမှ ပြန်လည်စေလွှတ်လိုက်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)